ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 26 August 2025 ၁၁၉၂၁

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဩဂုတ် ၂၅

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် (၄/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍဖြစ်**

ဦးစွာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီးနောက် ပထမဆုံးခေါ်ယူသည့် အစည်းအဝေးဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍဖြစ်သည့်အတွက် အရေးကြီးသည်ကို ပြောကြားလိုကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**လှိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးဆွေးနွေးပွဲကျင်းပ**
စာမျက်နှာ » ၅

**နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်**
စာမျက်နှာ » ၆



**DEMU စီး၍ ခရီးသွားခဲ့သည် ...**
ဆောင်းပါး
စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံ့ဂုဏ်ဆောင်ကမ္ဘာကျော်အမွေအနှစ် ဖျက်ဆီးသူများအား ကန့်ကွက်ရှုတ်ချတိုက်ဖျက်

ဩဂုတ်လ ၂၄ ရက်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့ကို ဆက်သွယ်ဖြတ်သန်းဖောက်လုပ်ထားသော ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးကို ဖောက်ခွဲဖျက်ဆီးလိုက်သည့်သတင်းနှင့် ဓာတ်ပုံများကို မြင်တွေ့ကြရသဖြင့် တိုင်းရင်းသားပြည်သူအားလုံး စိတ်မကောင်းခြင်းများစွာဖြစ်ကြရသည့်အပြင် ကမ္ဘာကျော်တံတားကြီးကို ဖျက်ဆီးခဲ့ကြသည့် အကြမ်းဖက်သောင်းကျန်းသူများအား ကန့်ကွက်ရှုတ်ချ စက်ဆုပ်ရွံရှာဖြစ်နေကြသည်ဟု သိရသည်။

ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီး ဖျက်ဆီးခံလိုက်ရသည့် အဆိုပါနေ့နံနက်တွင်ပင် လူမှုကွန်ရက်များပေါ်၌ ချက်ချင်းဆိုသလို သတင်းများပျံ့နှံ့ခဲ့ပြီး ပြည်သူများက မခံမရပ်နိုင်ဖြစ်ကြရသလို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း သောင်းကျန်းသူများ အမြစ်ပြတ်ချေမှုန်းရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို လိုအပ်သလို ပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက်သွားမည်ဟုသိရသည်။ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့ကို ဆက်သွယ်ပေးထားသည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးကို TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ် (P-16) နှင့်ကမ်းကပ်ခုံ (AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတားကမ်းကပ်ခုံ (AB-2)တို့ ပျက်စီးခဲ့ရသည်။

ဂုတ်ထိပ်တံတားကြီးသည် မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကမ္ဘာကျော်သမိုင်းဝင်တံတားကြီးဖြစ်သည်။ မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ဆက်သွယ်ထားသည့် မန္တလေး-လားရှိုးရထားလမ်းပေါ်ရှိ တံတားကြီးဖြစ်သည်။ ဂုတ်ထိပ်တံတားကြီး၏အရှည်မှာ ပေ ၂၂၆၀ ရှိပြီး ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိသည်။ နောင်ချိုမြို့နှင့် ခုနစ်မိုင်ခန့်ဝေးပြီး ကျောက်မဲမြို့နှင့် ၁၄ မိုင်ခန့်ဝေးသည်။ တံတားကြီးကို သံနှင့်သံမဏိ တန်ချိန် ၄၃၁၁ တန်နှင့် သံမှိုပေါင်း တစ်သန်းဖြင့် တည်ဆောက်ထားကြောင်း သိရသည်။ ပေ ၁၂၀ ရှည်သည့် အလျားကူး သံပေါင်ကြီး ၁၀ ခု၊ ပေ ၆၀ ရှည်သည့် အလျားကူး သံပေါင်ကြီး ၁၆ ခုတို့နှင့် သံမဏိတိုင်ကြီး ၁၆ တိုင်ပေါ်တွင် တည်ဆောက်ထားသည်။ တံတားကြီးကို ၁၈၉၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးကာ ၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။

ရှေးဟောင်းအရာဝတ္ထုပစ္စည်းဆိုသည်မှာ သမိုင်းတစ်ခေတ်၊ ကာလတစ်ခုကို ညွှန်းဆိုပြသနိုင်သည့် အသုံးပြုမှု၊ အနုပညာ သို့မဟုတ် လက်ရာမြောက်မှု၊ ရှားပါးမှု၊ သမိုင်းဆိုင်ရာ တန်ဖိုးကြီးမှု စသည်တို့ စုံလင်သောအရာတစ်ခုဖြစ်သည်။ ထိုအရာသည် နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိပါက ရှေးဟောင်းအရာဝတ္ထုပစ္စည်းဟု သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသော ရှေးဟောင်းအရာဝတ္ထုပစ္စည်းများ အမြောက်အမြားရှိသည်။ ယင်းတို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးလည်းပါဝင်ပြီး မြန်မာနိုင်ငံ၏ အမြင့်ဆုံး၊ ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးနှင့် ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ထားသည်။ တံတားတည်ဆောက်ထားသည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်အလှတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားအများအပြား လာရောက်ကြည့်ရှုလေ့လာသည့် တံတားကြီးဖြစ်သည်။

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နောင်ချိုမြို့ကို အပြီးတိုင်အောင်မြင်စွာ သိမ်းပိုက်ပြီးနောက် သောင်းကျန်းသူများ ကျောက်မဲမြို့နယ်ဘက်သို့ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားပြီး ဂုတ်ထိပ်တံတားနှင့် ကျောက်မဲမြို့အကြားရှိ နောင်ပိန်ရွာတွင် ယာယီအခြေပြု၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက သက်စွန့်ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဩဂုတ်လ ၂၃ ရက်နေ့တွင် နောင်ပိန်ရွာကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ထိုအချိန်တွင် သောင်းကျန်းသူများအနေဖြင့် ကျေးရွာရှိနေအိမ်များအား ရက်စက်စွာမီးရှို့ဖျက်ဆီးပြီး ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂုတ်ထိပ်တံတားကြီးကို ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် ပြည်သူများ၏ဂုဏ်ဆောင် မြတ်နိုးတန်ဖိုးထားသည့် သမိုင်းဝင်၊ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးကို အကြမ်းဖက်သောင်းကျန်းသူများက အသိဉာဏ်ဆင်ခြင်တုံတရားနည်းပါးစွာဖြင့် အကြံပက်စက်စွာ ဖျက်ဆီးလိုက်ခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူ ပြည်သားများကို ဖျက်ဆီးလိုက်ခြင်းပင်ဖြစ်ရာ အဆိုပါလုပ်ရပ်အား တိုင်းရင်းသားပြည်သူများအားလုံးက လက်မခံ ကန့်ကွက်ရှုတ်ချကြပြီး အကြမ်းဖက်သောင်းကျန်းသူများကို အမြစ်ပြတ်သည်အထိ ချေမှုန်းကြရမည်ဖြစ်ပါကြောင်း။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၂၅-၈-၂၀၂၅)ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၇-၈-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၉၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ရေဖြူမြို့နယ် အလင်းရောင်သမဝါယမအသင်း၏ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

ရေဖြူ ဩဂုတ် ၂၅

တနင်္သာရီတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် ရေဖြူမြို့နယ် အလင်းရောင်သမဝါယမအသင်းမှ အသင်းသား တောင်သူဦးစိုးဝင်း စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များက မိုးစပါးစိုက်ခင်းများမှ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ရေဖြူမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိဝင်းက မိုးစပါးစိုက်ခင်းများတွင် မြေဩဇာများ အချိန်ကိုက်အချိုးကျထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန်နှင့် အသင်းမှလိုအပ်သည့် သွင်းအားစုများရရှိစေရေးအတွက် မြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ ပန်းတိုင်အထွက်နှုန်းရရှိရေးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိသပြည်နယ်ကမ်းလွန်- အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေ) တို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ၂၅ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၆၀၀ | ၄,၂၆၀,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၀၀ | ၂,၂၆၄ | ၆,၉၁၈,၅၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၂၈ | ၂၀၇,၂၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၀၀၀ | ၁,၉၅၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၇၀၀ | ၁,၈၂၀,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၂,၉၈၃ | ၅,၁၇၂,၅၅၀ |
| AMATA | ၃,၄၅၀ | ၃,၄၅၀ | ၀ | ၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၅၀ | ၁၆၅,၀၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးပြန်လည်ရရှိမှုနှုန်း အလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်

❍ ရွှေဖုံးမှ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် ပါရှိသည့် **“နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး”** ဟု နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အနေဖြင့် “နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့” ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူတို့၏ အဓိကလိုအပ်ချက်မှာ စားဝတ်နေရေးဖြစ်သည့်အတွက် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေသည့် စိုက်ပျိုးမွေးမြူရေးနှင့် Agro – based Industries ကုန်ထုတ်လုပ်ငန်းတို့သည် အဓိကဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ရေမြေသယံဇာတများစွာ ပေါများသောနိုင်ငံဖြစ်သည့်အတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့ကို စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် တောတောင်သယံဇာတတို့မှ ရရှိကြသည့်အတွက် နိုင်ငံသူ နိုင်ငံသားများအတွက် ပြည့်စုံသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲက ပန်းတိုင်အထွက်တိုးရေးနှင့် သီးထပ်များ စိုက်ပျိုးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိမိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းရန်နှင့် နွေစပါးကို ရေရရှိနိုင်မှုအပေါ်မူတည်ပြီး တိုးချဲ့စိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းမရှိသည့် တောင်ကုန်းနေရာများတွင် နှစ်ရှည်သစ်ပင်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်းကို လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း။

ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး ဆောင်ရွက်ရေးသည် အရေးကြီးသည့်အတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို အထူးဇုန်များသတ်မှတ်စိုက်ပျိုးလျက်ရှိသော်လည်း ရည်မှန်းချက်မပြည့်မီနိုင်သေးကြောင်း၊ နေကြာတိုးချဲ့ စိုက်ပျိုးရေးကို ၂၀၂၂ ခုနှစ်မှစ၍ လမ်းညွှန်မှာကြားထားပြီးဖြစ်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ရလဒ်ကောင်းကိုရရှိရန် အလှမ်းကွာဝေးနေသေးသည့်အတွက် အကြိမ်ကြိမ်တွန်းအားပေး ပြောဆိုနေရခြင်းပင်ဖြစ်ကြောင်း။

ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက် နေကြာတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း၊ နေကြာတိုးချဲ့စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်မားခြင်း၊ စိုက်ပျိုးချိန်ကာလတိုတောင်းခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်း၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ကြောင်း၊ နေကြာဆီပိုလျှံထွက်ရှိခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီ လိုအပ်ချက်ကိုလျော့နည်းစေပြီး ပြည်ပနိုင်ငံများမှတင်သွင်းမှုလျှော့ချနိုင်ခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေမည်ဖြစ်သည့်အတွက် နေကြာတိုးချဲ့စိုက်ပျိုးရေးကို အလေးထား၍ မူဝါဒချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် လူတစ်ဦး တစ်နှစ် ခြောက်ပိဿာနှုန်းဖြင့် တွက်ချက်ပါက ဆီတန်ချိန် ငါးသိန်း လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိ စိုက်ပျိုးနေသော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းသီးနှံများ၏ ထွက်ရှိမှုအရ စားသုံးဆီထုတ်လုပ်ခဲ့သော် နိုင်ငံတွင်ဖူလုံနိုင်သည်ဟု ခန့်မှန်းတွက်ချက်ရနိုင်သော်လည်း မြေပဲ၊ နှမ်း သီးနှံများမှာ လုံးဆန်အနေဖြင့်လည်း စားသုံးကြသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိသောကြောင့် ပြည်တွင်းဆီဖူလုံရေးအတွက် လိုအပ်ချက်ရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စားသုံးဆီအဖြစ်သာ သုံးစွဲနိုင်မည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခုအခါ နှစ်စဉ် ပြည်ပမှ စားအုန်းဆီ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖိုးခန့် တင်သွင်းနေရသည့်အတွက် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ကျစေရေးအတွက် ပြည်တွင်း၌ ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်ပါကြောင်း။

အလားတူ နေကြာဆီသည် အရည်အသွေးကောင်းပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော စားသုံးဆီဖြစ်ပြီး ဈေးကွက်ဝင်သီးနှံဖြစ်သောကြောင့် စနစ်တကျစိုက်ပျိုး ထုတ်လုပ်ပါက တောင်သူလယ်သမားများ၏ဝင်ငွေ တိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် စပါးနှင့် ပဲကိုသာ အထူးပြုစိုက်ပျိုးသော သီးနှံပုံစံမှ နေကြာကို သီးနှံတစ်မျိုးအနေဖြင့် ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ခင်းတွင် သီးနှံမျိုးစုံလင်အောင် စိုက်ပျိုးနိုင်ကာ (Crop Diversification) ကို ရရှိနိုင်စေခြင်း၊ တစ်ဖန် နေကြာကို သီးလှည့်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအာဟာရကိုလည်း ထိန်းသိမ်းပေးထားနိုင်သည်ဟု လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိတွင် ပြည်တွင်းဆီဖူလုံရေးဆောင်ရွက်ရာတွင် မြေပဲဆီဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်များသည့်အတွက် စားသုံးသူများအနေဖြင့် လက်လှမ်းမီသည့် ဈေးနှုန်းဖြစ်စေရန် ပြည်တွင်းဆီစက်များ ဆက်လက်ရှင်သန်နိုင်ရေး၊ ဆီထွက်သီးနှံကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာစေရေးအတွက် ဆီထွက်သီးနှံစုံ တိုးချဲ့စိုက်ပျိုးရေးကို မူဝါဒတစ်ခုအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် စိုက်ဧရိယာပိုမိုတိုးတက်ရေးနှင့် သီးထပ်စွမ်းအားတိုးတက်ရန် ဆောင်ရွက်ရေးတို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” ဆိုသည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးပညာရပ်ကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပြီး လက်ရှိတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ်များအပြင် မိမိတို့အစိုးရလက်ထက်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကျောင်းသားကျောင်းသူ ၅၀၉၁ ဦး လာရောက်အပ်နှံ တက်ရောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးပြန်လည်ရရှိမှုနှုန်း အလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း။

စိုက်ပျိုးရေရရှိရေးအတွက် လက်ရှိနိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်၊ ရေတင်လုပ်ငန်း၊ မြေအောက်ရေ၊ စက်ရေတွင်းများမှ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရေချိုသွင်းမြောင်း တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်၍ ဆိုလာစနစ်သုံးရေသွင်းရေတင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

> ❖ **ပြည်သူတစ်ရပ်လုံး စားရေရိက္ခာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန်တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဝန်ကြီးဌာနများအပါအဝင်၊ UMFCCI အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အရေးကြီးသီးနှံ ၁၀ မျိုးအပြင်အာလူး၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံသုံးမျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အလေးထားဆောင်ရွက်ရန် အထူးတိုက်တွန်းလိုကြောင်း။

စပါးစိုက်ပျိုးသည့်တောင်သူများအား Drum Seeder များ အပြည့်အဝအသုံးပြုပြီး အစေ့ချဆောင်ရွက်ခြင်းဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး နိုင်ငံတော်မှ မတည်ငွေများ အတိုးမဲ့ စိုက်ထုတ်ဆောင်ရွက်ပေးထားကြောင်း၊ Drum Seeder များကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးခြောက်ခုတို့အတွက် ရှေ့ပြေးဦးစားပေး ဆောင်ရွက်ပေးထားပြီး နောက်ပိုင်းတွင် ကျန်ရှိသည့်ဒေသများတွင်လည်း ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံတော်၏ စီးပွားရေးအထောက်အကူပြု သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တောင်သူများ အဓိကလိုအပ်သောယူရီးယားဓာတ်မြေဩဇာနှင့် ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာတို့ကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်နှင့် ယူရီယားဓာတ်မြေဩဇာတင်သွင်းဖြန့်ဖြူးရေးဦးဆောင်ကော်မတီတို့မှ ဈေးကွက်ပေါက်ဈေးထက် ၂၅ ရာခိုင်နှုန်းအောက် လျော့နည်းသောဈေးနှုန်းဖြင့် တောင်သူများ လက်ဝယ်အရောက်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးသီးနှံအထွက်နှုန်းတိုးရန်လိုအပ်သည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးတို့၌ အဓိကဖြန့်ဖြူးပေးထားသည့်အပြင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက်ပါ လျာထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်တွင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက်လည်း “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့” ဆိုသည့်အတိုင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်းရာသီဥတုပူပြင်းသည့် ဒေသများတွင် အပူဒဏ်များလွန်ကဲစွာမခံစားရစေရန် သစ်ပင်များ စိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း။ သစ်ပင်များမရှိပါက မြေဆီလွှာများ ပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများ နည်းပါးလာပါက ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်သည့်အတွက် ထိုသို့မဖြစ်ပေါ်စေရန် သစ်ပင်များ စိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

အလားတူ မွေးမြူရေးကဏ္ဍသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးတောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ပြီး တိုးတက်လာသည့် ပြည်သူလူထုအတွက် စားရေရိက္ခာ ဖူလုံကြွယ်ဝစေရေးနှင့် အာဟာရဓာတ်ပြည့်ဝစေရေး အထူးအရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် နို့စားနွားတိုးချဲ့မွေးမြူနိုင်အောင် စီမံဆောင်ရွက်ပြီး နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်း တင်သွင်းမှုကို လျှော့ချနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နို့စားနွားသာမက အသားစားနွား မွေးမြူရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သိုးနှင့် ဆိတ်မွေးမြူရေးသည်လည်း နိုင်ငံအတွင်း ဖြစ်ထွန်းအောင်မြင်နေသည့် မွေးမြူရေးလုပ်ငန်းဖြစ်သည့်အပြင် ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေးတွင် လက်ရှိ မွေးမြူရေးကဏ္ဍသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ လှောင်အိမ်စနစ် အအေးခန်းအလုံပိတ်စနစ်များနှင့် ခေတ်မီမွေးမြူနေသည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအတွက် လူတစ်ဦးချင်း တစ်နှစ်စားသုံးရမည့် အသားနှင့် ကြက်ဥနှုန်းထား(Per Capital Consumption) တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပြီး နိုင်ငံသားများ၏ ကျန်းမာရေးအဆင့်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ရေချို၊ ရေငန်ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည်လည်း စားရေရိက္ခာဖူလုံရေးအတွက်သာမက ပြည်ပဝင်ငွေရရှိရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့်အတွက် မွေးမြူရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်ကြရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ကာ နိုင်ငံခြားငွေ ပိုမိုရရှိမည်ဖြစ်ကြောင်း။ မွေးမြူရေးမှ ထွက်ရှိသည့် အသား၊ ငါးများကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အနေဖြင့် ပြောင်းလဲထုတ်လုပ် တင်ပို့ရောင်းချခြင်းဖြင့် ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ပြီး မွေးမြူသူများ အတွက်လည်း ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်း ဖြစ်ကြောင်း။ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် အဓိကကျသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူတစ်ရပ်လုံး စားရေရိက္ခာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန် တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဝန်ကြီးဌာနများ အပါအဝင်၊ UMFCCI အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကဏ္ဍများ ဘက်ပေါင်းစုံမှ တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံက ဆက်လက်ပံ့ပိုးကူညီမည့် အခြေအနေတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၅

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ မြှင့်တင်ရေး၊ နိုင်ငံတော်နှင့်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှု လုပ် ငန်းများတွင် ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧရိယာအတွင်း သီးနှံပြန်လည်စိုက်ပျိုးခဲ့သည့်တောင်သူများအား သွင်းအားစုဖိုးလိုငွေပေးအပ်



ဘားအံ ဩဂုတ် ၂၅

ရာဂီမုန်တိုင်းကြောင့် မိုးစပါး ၁၄၄၆၁ ဧက ပျက်စီးခဲ့ရာ မိုးစပါး ၈၉၈၆ ဧက ပြန်လည်စိုက်ပျိုးခဲ့ပြီး ကျန်ဧကများ၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး ပြန်လည် အစားထိုးစိုက်ပျိုးခဲ့သည့် တောင်သူများအား သွင်းအားစုဖိုးလိုငွေ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ရာဂီမုန်တိုင်းကြောင့် နှစ်ကြိမ်တိုင် ရေလွှမ်းမိုးခံခဲ့ရသည့် မိုးစပါး စိုက်ခင်းများအတွင်း မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း အစားထိုး စိုက်ပျိုးခဲ့သည့် တောင်သူများအား မြေပဲတစ်ဧကေ ငွေကျပ် ၂၉၇၁၀၀၊ နှမ်းတစ်ဧက ငွေကျပ် ၇၉၁၀၀၊ နေကြာတစ်ဧက ငွေကျပ် ၈၅၁၀၀၊ မတ်ပဲတစ်ဧက ငွေကျပ် ၂၀၁၁၀၀၊ ပဲတီစိမ်းတစ်ဧက ငွေကျပ် ၁၇၁၁၀၀ နှုန်းဖြင့် စုစုပေါင်း ဧက ၄၀၅၀ အတွက် သွင်းအားစုဖိုးလိုငွေ ၈၂၆ ဒသမ ၅၄၇ ကျပ်သန်း ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး သွင်းအားစုဖိုးလိုငွေ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော လယ်ယာမြေများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးရာတွင် လိုက်နာသင့်သော အချက်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ မြေယာအသုံးချရေးနှင့် မျိုးစေ့များအကြောင်းတို့ကို အသိပညာ ပေးဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



# မိုးကောင်းမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

မိုးကောင်း ဩဂုတ် ၂၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရအောင်သင်ကြားပေးသည့် ဆရာ ဆရာမများ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဆုရရှိသည့် ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် မိုးကောင်းမြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ပညာရေးမှူး ဦးစိုးသိုက်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟဇော်က ထူးချွန်ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်ပညာရေးမှူး၏ ဇနီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက နိုင်ငံတော်အဆင့် (ပဉ္စမ-ဝိဇ္ဇာတွဲ)တစ်ဦး၊ နိုင်ငံတော်အဆင့်(ဒသမ-ဝိဇ္ဇာတွဲ)တစ်ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁၃ ဦး၊ ဂုဏ်ထူးရအောင်သင်ကြားပေးသည့် ဆရာ ဆရာမ ၆၅ ဦး၊ မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုကတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

# ဘိုကလေးမြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိရေး ကွင်းဆင်းဆောင်ရွက်

ဘိုကလေး ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ပြေစာများ၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိရေးအတွက် ယမန်နေ့တွင် မြို့နယ်အခွန် အထောက်အကူပြုအဖွဲ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲမင်းဇော်နှင့် အခွန်အထောက်အကူပြုအဖွဲ့ဝင်များက မြို့နယ်တွင်းရှိ စားသောက်ဆိုင်များ၊ မိုဘိုင်းလ်ဖုန်းဆိုင်များ၊ ဧည့်ရိပ်သာများသို့ ကွင်းဆင်း၍ လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချစေရေး လမ်းညွှန်မှာကြား၍ အခွန်တိုးတက်ကောက်ခံရရှိရေးအတွက် လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**
**စာပေမြင့်မှ လူမျိုးတင့်မည်**

# လှိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲ ကျင်းပ

## ပိုမိုတည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် လှပသောအနာဂတ်ကို ဝိုင်းဝန်းအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၌ ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

လှိုင်ကော် ဩဂုတ် ၂၅

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အတူ ယမန်နေ့တွင် ကယား ပြည်နယ် လှိုင်ကော်မြို့၌ တိုးတက် ခိုင်မာအားကောင်းသည့် လူမှု အသိုက်အဝန်း ဖော်ဆောင်ရေး ဆွေးနွေးပွဲနှင့် ပြည်သူများ အပန်းပြေစေရန်၊ စိတ်ခွန်အားရရှိနိုင်ရန် အနုပညာရှင်များ၏ ဖျော်ဖြေပွဲများသို့ တက်ရောက်အားပေးပြီး လှိုင်ကော်မြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**ဆက်ကပ်လှူဒါန်း**

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လာရောက်ဖျော်ဖြေကြသည့် အနုပညာရှင်များက လှိုင်ကော်မြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင် တန်းကျောင်း၌ ပြုလုပ်သော လှိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအတွက် ဆွမ်း၊ ဆီနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်)၌ ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ လှိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ အစိုးရ စက်မှုလက်မှုသိပ္ပံတို့မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားတစ်ဦးက "လူချွန်လူကောင်း"တေးသီချင်းဖြင့် လည်းကောင်း၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများက ကယားတို့၏ သဘာဝအလှနှင့် စုပေါင်းအကတေးသရုပ်ဖော်ဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေ တင်ဆက်ကြပြီး **"မြေလျှင်ဒဏ်ကျော်ဖြတ်ကာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်"**နှင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"**မှတ်တမ်းရုပ်သံ Video Clip တို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် မန္တလေးငလျင်ဘေးဒဏ်ကို ခံစားရမှုမရှိသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် တိုက်ပွဲဖြစ်စဉ်များ ကြုံတွေ့ခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားသည့်ဒဏ်ကို ခံစားခဲ့ကြရပါကြောင်း၊ ယခုအခါ တပ်မတော်က နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပြန်လည်ဖော်ဆောင်ပေးနိုင်မှုနှင့် အတူ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူချစ်သော အနုပညာရှင်များကလည်း ကယားပြည်နယ်ရှိ ပြည်သူများထံအရောက်လာပြီး အနုပညာစွမ်းအားဖြင့် စိတ်ခွန်အားရရှိနိုင်စေရန် ဖျော်ဖြေပေးခြင်းဖြစ်ပါကြောင်း၊ ပိုမိုတည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် လှပသောအနာဂတ်ကို အတူတကွ ဝိုင်းဝန်းအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အဖွဲ့များအား ဆုငွေချီးမြှင့်ပြီး ကယားပြည်နယ်မှ အဆင့်မြင့် ကျောင်းများအတွက် သုတရသစာအုပ်စာစောင်များ၊ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)အတွက် MRTV DTH စလောင်းစက် ပစ္စည်းအစုံနှင့် MRTV T2 Set-top Box တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီများရှင်ရန်အောင်တို့က ဆွေးနွေးပွဲတက်ရောက်လာသူများအတွက် MRTV DTH စလောင်းစက်ပစ္စည်းအစုံနှင့် MRTV T2 Set-top Box တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက်ကယားပြည်နယ်ရှိ အဆင့်မြင့်ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ လေးဦးက အင်္ဂလိပ်စာ စွမ်းရည်သရုပ်ပြတင်ဆက်ပြီး ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ကာ ပညာရေးဒီဂရီကောလိပ်မှကျောင်းသား ကျောင်းသူများက ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှိုင်ကော်မြို့ရှိ အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မူလသီရိမင်္ဂလာဈေးကို ၁၉၉၁ ခုနှစ်က အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောက်လုပ်ထားရှိရာမှ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အဆင့်မြင့် သီရိမင်္ဂလာဈေးသစ် နှစ်ထပ်အဆောက်အအုံကို ပန္နက်တင်၍ စတင်ဆောက်လုပ်ခဲ့ရာမှ ယခုနှစ်ဧပြီလအတွင်း ပထမအဆင့်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ဒုတိယအဆင့် လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဈေးအတွင်း လှည့်လည် ကြည့်ရှုကြပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သကဲ့သို့ အနုပညာရှင်များကလည်း ပရိသတ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခြင်း၊ ပရိသတ်များနှင့် အတူ အမှတ်တရ ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အကြိမ်(၄၀)မြောက် နည်းပညာကော်မတီအစည်းအဝေးဖွင့်ပွဲနှင့် မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေသြဇာသွင်းအားစုပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၅

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CIRDAP)၏ အကြိမ်(၄၀)မြောက် CIRDAP နည်းပညာကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ THE ERAVATI SULE GRANDဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP) အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် Mr. Chandra Shekara Putte Gowda ၊ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဖီဂျီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နည်းပညာကော်မတီအဖွဲ့ဝင်များ၊ CIRDAP အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုအကြိမ်(၄၀)မြောက် နည်းပညာကော်မတီ အစည်းအဝေးသည် မိမိတို့၏ တိုးတက်မှုများကို ပြန်လည်သုံးသပ်ရန်၊ အတွေ့အကြုံများ မျှဝေရန်နှင့် မိမိတို့နိုင်ငံများ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖွံ့ဖြိုးတိုးတက်မှုများကိုမြှင့်တင်၍ ပြန်လည်အသုံးချနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း၊ အစည်းအဝေး သုံးရက်တာအတွင်း အကြံဉာဏ်သစ်များနှင့် လက်တွေ့ကျသော ဖြေရှင်းနည်းများကို အဆိုပြုကြရန်နှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စည်းလုံးညီညွတ်မှုဆီသို့ ဦးတည်သည့် လှေကားထစ်အဖြစ်သတ်မှတ်ပြီး မည်သည့်ကျေးလက်ရပ်ရွာမှ နောက်ကျမကျန်ရစ်စေရေး ကြိုးစားကြစေလိုကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော ကျေးလက်ဒေသဆိုင်ရာ အသွင်ကူးပြောင်းမှု ဖြစ်ပေါ်လာမည့် အနာဂတ်ဆီသို့ အတူတကွချီတက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP)၏ ညွှန်ကြားရေးမှူးချုပ် Mr. Chandra Shekara Putte Gowda က အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါ အကြိမ်(၄၀)မြောက် CIRDAP နည်းပညာကော်မတီအစည်းအဝေးနှင့် CIRDAP Knowledge Sharing Workshop ကို ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၂၇ ရက်တွင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်စု Good Brother စင်တာ၌ ကျင်းပသည့် မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေသြဇာသွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီး သံယဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လှည်းကူးမြို့နယ်ရှိ ကျေးရွာများမှ မိုးစပါးစိုက်တောင်သူများအား သွင်းအားစု ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်သည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ ''ပြည်သူ့ကြားက ပြည်သူ့စကား''အစီအစဉ်မှ **"ဘူးသီးတောင်မြို့နယ်အတွင်း ၄က်သေကျေးရွာအုပ်စု ထန်းရှောက်ခံကျေးရွာမှ ဒေသခံဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးတုံးသတ်ဖြတ်ခဲ့မှု"**ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော် ဂုတ်ထိပ် မီးရထားလမ်းတံတားအား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၅**

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည်။ အဆိုပါဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း တံတားတိုင်အမှတ် (P-16)နှင့် ကမ်းကပ်ခုံ(AB-2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးသွားခဲ့ရသည်။

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ထိန်းသိမ်းစောင့်ရှောက်ရမည့်အစား TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ပြင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇာဝေဂလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ-ရှိအာဟ်မွတ်စ်လင်စ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တို့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား အကြမ်းဖက် TNLA နှင့် PDF ( Terrorist Group) များက မိုင်းခွဲဖျက်ဆီးခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်**

မြန်မာတစ်နိုင်ငံလုံးက ဂုဏ်ယူရပြီး နှစ်ပေါင်း ၁၂၅ နှစ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းများဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည်အလယ်ပိုင်းကို ဆက်သွယ်ပေးထားသည့် ရှမ်းပြည်နယ် နောင်ချိုမြို့ ဂုတ်ထိပ်တံတားကြီးအား အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများဖြစ်သည့် TNLA နှင့် PDF (Terrorist Group)များက စနစ်တကျ ကြိုတင်ပြင်ဆင်မိုင်းခွဲဖျက်ဆီးခဲ့ရာ မြန်မာပြည်သူလူထု အသုံးပြုနေသော သမိုင်းဝင်အမွေအနှစ် ဆုံးရှုံးပျက်စီးခဲ့ရသည့်ဖြစ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်**

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်၏ ထိုးစစ်ဆင်မှုကို ဆက်လက်ခုခံနိုင်ခြင်းမရှိဘဲ ကစဉ့်ကလျားဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် စစ်ရေးနှင့် မသက်ဆိုင်သော မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသော တံတားတစ်စင်းဖြစ်သည်။ ထိုကဲ့သို့ သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်**

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်(မြောက်ပိုင်း)အတွင်း တပ်မတော်နှင့်ဖြစ်ပွားနေသော နောင်ပိန်ရွာတိုက်ပွဲဖြစ်စဉ်၌ ပြည်သူလူထု၏ အကျိုးစီးပွားကို ငဲ့ညှာထောက်ထားခြင်းမရှိဘဲ ကျေးရွာအတွင်းရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့နံနက်ပိုင်း၌ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB-2) တို့ ပျက်စီးခဲ့သည်။

ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သော နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါးယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့နယ်တို့အား ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူ TNLA လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို စိတ်မကောင်းစွာ ကြားသိခဲ့ရပါသည်။

ယင်းကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသလို မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)ကလည်း လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသော မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မီးရထားလမ်း ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ဂုတ်ထိပ်တံတားသည် တံတားအရှည်(၂၂၆၀)ပေ၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံးမီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကို တည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော တံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း/ ပြည်ပ ခရီးသွားများ အများအပြား လာရောက်ကြည့်ရှုလေ့လာသည့် တံတားတစ်စင်းလည်းဖြစ်သည်။

ထိုကဲ့သို့ သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏လုပ်ရပ်ကို ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)သဘောထားထုတ်ပြန်ချက်

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P - 16) နှင့် ကမ်းကပ်ခုံ (AB - 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB - 2)တို့ ပျက်စီးခဲ့ရပါသည်။ ထို့ကြောင့် မိမိတို့ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**
**၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် အရှည်(၂၂၆၀)ပေရှိ မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်သည့် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P–16)နှင့် ကမ်းကပ်ခုံ(AB–2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB–2)တို့ ပျက်စီးခဲ့ရသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေး အဖွဲ့ကြီး၏သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် တပ်မတော်မှ နောင်ပိန်ကျေးရွာကို အပြီးတိုင်ပြန်လည်ထိန်းချုပ်ရရှိချိန်၌ ဆုတ်ခွာထွက်ပြေးသွားသော TNLA လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများက နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံးမီးရထားသံလမ်းတံတားဖြစ်သည့် ဂုတ်ထိပ်တံတားကို ၂၄–၈–၂၀၂၅ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက် အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း ဝမ်းနည်းဖွယ်သိရှိရပါသည်။

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါးယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ပိန်ကျေးရွာမှ ဆုတ်ခွာထွက်ပြေးသွားသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်မသက်ဆိုင်သည့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်တွင် အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ (AB – 2)တို့ ပျက်စီးခဲ့ကြောင်း သိရှိရသည့်အတွက် ဒေသခံပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကျူးလွန်နေသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**
၂၅–၈–၂၀၂၅

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ်လ ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16)နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရကြောင်း စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း/ပြည်ပခရီးသွားပြည်သူများ အများအပြား လာရောက်ကြည့်ရှုလေ့လာကြပြီး မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
(၂၅–၈–၂၀၂၅)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားဖြစ်သည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်အဖွဲ့က ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်သိရှိရပါသည်။

ထိုကဲ့သို့ TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## သန္တာဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ပိန်ကျေးရွာကို တပ်မတော်က ပြန်လည်ရရှိချိန် ဆုတ်ခွာထွက်ပြေးသွားသော TNLA အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ မီးရထားလမ်းတံတားတစ်ခုဖြစ်သည့် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကို အသိတရားကင်းမဲ့စွာဖြင့် ဩဂုတ်လ ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရသည်။

ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား သန္တာဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သန္တာဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း၏သဘောထားထုတ်ပြန်ချက်

(၂၅–၈–၂၀၂၅)

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကိုဆက်သွယ်ထားသည့် မန္တလေး–လားရှိုး ရထားလမ်းမပေါ်တွင် တည်ရှိသည့် တံတားအရှည် ၂၂၆၀ ပေ၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသော မီးရထားလမ်းတံတားတစ်ခုဖြစ်ကာ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရသည့် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများအား မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ လုံးဝလက်မခံကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ယမန်နေ့နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့မြန်မာ့အမွေအနှစ်ဖြစ်သည့်သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

# ဂုတ်ထိပ်တံတားအား ဖျက်ဆီးသည့် အကြမ်းဖက်မှုလုပ်ရပ်သည် နိုင်ငံနှင့် ပြည်သူအတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကို ခြိမ်းခြောက်သည့် လုပ်ရပ်ဖြစ်သည်ဟု မှတ်ယူ

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၅)**

၁။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့ ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ ဂုတ်ထိပ်တံတားကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖျက်ဆီးခံခဲ့ရကြောင်း သိရှိရပါသည်။ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့သော နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်တံတားဖြစ်ပါသည်။ ဤအဖျက်လုပ်ရပ်သည် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝနှင့် စီးပွားရေး ဆောင်ရွက်မှုများအပေါ် ပြင်းထန်စွာ ထိခိုက်စေသည်သာမက မြန်မာနိုင်ငံ၏ သမိုင်းဝင် အမွေအနှစ်တစ်ခုအား ထိခိုက်ပျက်စီးစေခြင်းဖြစ်ပါသည်။

၂။ တံတားကြီးများဥပဒေအရ တံတားကြီးအင်္ဂါရပ်များကို ရည်ရွယ်ချက်ဖြင့် တမင်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများမပြုလုပ်ရန် တားမြစ်ထားပါသည်။ ဂုတ်ထိပ်တံတား ဖျက်ဆီးခံရခြင်းသည် အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံကို ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုဖြစ်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂(ဂ) အရ အကြမ်းဖက်မှုဖြစ်ပါသည်။

၃။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်သည့် ရာဇဝတ်မှုမြောက်၍ တရားမျှတမှုမရှိသော အကြမ်းဖက် ကျူးလွန်မှုအားလုံးကို ပြတ်ပြတ်သားသား ရှုတ်ချကြောင်း အသိအမှတ် ပြုထားပါသည်။ ဂုတ်ထိပ်တံတားအား ဖျက်ဆီးသည့် အကြမ်းဖက်မှုလုပ်ရပ်သည် နိုင်ငံနှင့် ပြည်သူအတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကို ခြိမ်းခြောက်သည့် လုပ်ရပ်ဖြစ်သည်ဟု မှတ်ယူပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

## မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်း တံတားကြီးအား အကြမ်းဖက်အဖွဲ့က ဩဂုတ် ၂၄ ရက်နေ့တွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား **မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)**က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

(၁) မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး တံတားဖြစ်ပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသော ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား ၂၄-၈-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ကမ္ဘာ့အမွေအနှစ်စာရင်းများဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်းတံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ခံလိုက်ရကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ သမိုင်းဝင် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

ကြေညာချက်အမှတ် - ၂၇ / ၂၀၂၅
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နှစ်ပေါင်း(၁၂၅)နှစ် သက်တမ်းရှိ ကမ္ဘာကျော် "ဂုတ်ထိပ်တံတား"ကို TNLA အကြမ်းဖက်သမားများက ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့တွင် ဖုံးခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် များစွာနှမြောတသ ဖြစ်ရပါသည်။

တန်ဖိုးထားရမည့် ရှေးဟောင်းအဆောက်အဦ "ဂုတ်ထိပ်တံတား"ကြီးကို ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ယခုလ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည်အလယ်ပိုင်းကို ဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်တံတားအား မိုင်းခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြားရှိ နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသော ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလိုက်သဖြင့် အဆိုပါတံတားကြီးမှာ ပျက်စီးသွားခဲ့ရပါသည်။

၂။ အဆိုပါ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲသည့် လုပ်ရပ်နှင့်ပတ်သက်၍ စစ်ရေးနှင့်မသက်ဆိုင်ဘဲ နိုင်ငံအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကူးလူးဆက်ဆံသွားလာနိုင်ရန် တည်ဆောက်ခဲ့သည့် တံတားကြီးအား ဖျက်ဆီးခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပျက်ပြားစေမည့် ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါအကြမ်းဖက်သမားများ၏လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ဩဂုတ် ၂၅ ရက်အထိ သေဆုံးသူ ၃၇၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၉ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၆၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့် ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဩဂုတ် ၂၅

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ

# လှိုင်ကော်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



**လှိုင်ကော် ဩဂုတ် ၂၅**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လှိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်နယ်စာကြည့်တိုက်များ ကြီးကြပ်မှု ကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးခေါ်မျိုးတင်တို့ တက်ရောက်ပြီး ပြခန်းများနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းခန်းမ၌ လိုအပ်သည်များမှာကြားသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ အနုပညာရှင်များက ကျောင်းအတွင်းဆောင်ရွက်ထားရှိသည့် စာကြည့်တိုက်နှင့် ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် အစီအစဉ် ဒုတိယပိုင်းကို စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ အထက(၁)မှ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ် လှိုင်ကော်မြို့၌ ပိုမိုတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ မူလအနေအထားသို့ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို တွေ့မြင်ရသဖြင့် ကြည်နူးဝမ်းမြောက်ရပါကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စာပေဖတ်ရှုလေ့လာမှုတွင် ဝါသနာပါပြီး အများပြည်သူကိုလည်း စာပေဖတ်ရှုအောင် တိုက်တွန်းမှာကြားမှုနှင့်အတူ စာကောင်းပေမွန်များလည်း မတည်ထုတ်ဝေ၍ ဖြန့်ဝေလှူဒါန်းလျက် ရှိပါကြောင်း၊ လူငယ်များအနေဖြင့် စာပေဖတ်ရှုလေ့လာမှုအပြင် မှတ်သားဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာလှပသည့် အနာဂတ်ကာလအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အခက်အခဲများကြားမှ အောင်မြင်အောင် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်နေချိန်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများအတွက် စိတ်ခွန်အားမြှင့်တင်ပေးရန် စီစဉ်ရောက်ရှိလာသော ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ် အစိုးရအဖွဲ့အတွက် MRTV DTH စလောင်းစက်အစုံ ၃၀ နှင့် MRTV T-2 Set top Box ၈၀ အား ပြည်နယ်ဝန်ကြီးချုပ်ထံသို့ လည်းကောင်း၊ တပ်နယ်အတွက် MRTV DTH စလောင်းစက် အစုံ ၂၀ နှင့် MRTV T-2 Set top Box ၄၀ အား ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာအုပ်စာစောင်များ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် အနုပညာရှင်များက အထက(၁)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်း၍ ရောင်ပေစူး တေးသီချင်းဖြင့်လည်းကောင်း၊ အထက(၁)မှ ကျောင်းသား ကျောင်းသူများက ထာဝရသစ္စာ တေးသီချင်းဖြင့်လည်းကောင်း၊ အထကခွဲ (လောဝမ္ဘ)မှ ကျောင်းသား ကျောင်းသူများက လှမ်းလာခဲ့ပါ ကယားမြေ တေးသီချင်းဖြင့်လည်းကောင်း၊ အထက(၁)နှင့် (၂)တို့မှ ကျောင်းသား ကျောင်းသူများစုပေါင်း၍ ဇာတိမာန် တေးသီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ လှိုင်ကော်တက္ကသိုလ်သို့ရောက်ရှိပြီး ပင်မဆောင်နှင့် စာကြည့်တိုက်၊ စာသင်ဆောင်များနှင့် ဘွဲ့နှင်းသဘင်ခန်းမဆောင်များ ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ် နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပင်မဆောင် အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက တက္ကသိုလ်၏ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်မှု အခြေအနေ၊ တက္ကသိုလ်၌ ဆရာ ဆရာမများ ပြန်လည် တာဝန်ထမ်းဆောင်နိုင်မှု၊ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်မှုနှင့် အဝေးသင် ကျောင်းသား ကျောင်းသူများ ဆက်သွယ် သင်ယူနိုင်မှုတို့ကို ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပြန်လည် ဆွေးနွေးမှာကြားပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ညပိုင်းတွင် လှိုင်ကော်မြို့၌ ရောက်ရှိနေသော အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဥ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဒေသခံ တိုင်းရင်းသားများ၏ အကအလှနှင့် သီဆိုဖျော်ဖြေမှုများနှင့်အတူ အငြိမ့်ကပြမှု အပါအဝင် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက တစ်ခဲနက် ပျော်ရွှင်စွာ သီဆိုကခုန်အားပေးကြသည်။

လှိုင်ကော်မြို့၌ ၂၀၁၃ ခုနှစ် ကုန်ပိုင်းခန့်က နယ်မြေလုံခြုံရေး အခြေအနေအရ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုရပ်ဆိုင်းခဲ့ရာမှ ၂၀၁၄ ခုနှစ် မေလမှစ၍ အဘက်ဘက်မှ စီစဉ် ဆောင်ရွက်နိုင်မှုကြောင့် ဓာတ်အားလိုင်းများ တိုးမြှင့်ဖြန့်ဝေပေးနိုင်ခဲ့ရာ ယခုအခါ လှိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက် ၂၀ နှင့် ဆက်စပ်ကျေးရွာ ၂၃ ရွာတို့တွင် ၂၄ နာရီပတ်လုံး မီးအပြည့်အဝရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ထုတ်လွှင့်ပြီး မဟာဓာတ်အားလိုင်းသို့ထည့်သွင်းပေးပို့နိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# သံမဏိမူဝါဒ မူကြမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၅**

သံမဏိမူဝါဒ မူကြမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**ကြိုးပမ်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးဖြစ်စဉ်ကို သင်ခန်းစာယူ၍ အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်ခံနိုင်မှုစံနှုန်းများနှင့် အညီ ဆောင်ရွက်ထားမှု ရှိ/မရှိ စနစ်တကျစစ်ဆေးရန်အတွက် မူဝါဒသတ်မှတ်အတည်ပြုထုတ်ပြန်နိုင်ရန် အရေးအကြီးဆုံးဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)တို့၌ စက်တပ်ဆင်ရေးလုပ်ငန်းများ အပြီးသတ်၍ စွမ်းအားပြည့်လည်ပတ်နိုင်ရေး ဘဏ္ဍာရေးနှစ်အလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ သံမဏိထုတ်လုပ်မှုတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများမှ ဆောင်ရွက်လျက်ရှိ၍ သံမဏိထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများကို မှန်ကန်သောမူဝါဒ အထောက်အပံ့များဖြင့် ချဉ်းကပ်ရန် လိုအပ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအနက် အဓိကအရေးကြီးသည့် သံ၊ သံမဏိထုတ်ကုန်များအား ထုတ်လုပ်မှု၊ တင်သွင်းမှုများတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိသဖြင့် စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းနှင့် မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ သံမဏိဆိုင်ရာမူဝါဒကို ရေးဆွဲခဲ့ကြောင်း၊ ယခုပြုလုပ်သည့် အစည်းအဝေးတွင် သံမဏိဆိုင်ရာမူဝါဒကို မည်ကဲ့သို့ လက်ခံကျင့်သုံးမည်၊ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးနိုင်မည်တို့ကို ဆွေးနွေးပေးကြရန်နှင့် အများပြည်သူ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်၊ ပါဝင်သင့် ပါဝင်ထိုက်၊ လုပ်ဆောင်သင့်သည့်အချက်များ မကျန်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးနိုင်ပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပြုစုရေးဆွဲထားသည့် သံမဏိဆိုင်ရာမူဝါဒနှင့်ပတ်သက်၍လည်းကောင်း၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးက သံမဏိဆိုင်ရာ မူဝါဒရေးဆွဲနိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌတို့က သံမဏိဆိုင်ရာ မူဝါဒပါအချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက သံမဏိဆိုင်ရာမူဝါဒ ခိုင်မာအားကောင်းစေရေးအတွက် ပါဝင်သင့်သည့်အချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# DEMU စီး၍ ခရီးသွားခဲ့သည် ...

**မိုးကတဖွဲဖွဲ မစဲတမ်းရွာနေသော်လည်း ခရီးသည်များက တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် နေပြည်တော် ဘူတာဝင်းထဲ အဆက်မပြတ် ဝင်ရောက်လျက်ရှိသည်။ ရထားစောင့်ဆိုင်းနိုင်ရန်အတွက် သပ်သပ်ရပ်ရပ် စနစ်တကျစီစဉ်ပေးထားသည့် ခုံနေရာများတွင် ခရီးသည်များနေရာယူကာ ခရီးစဉ်အတွက် အသင့်ပြင်ထားကြသည်။ ခရီးသည်များထဲတွင် နေပြည်တော် – ရန်ကုန် ခရီးစဉ်အတွက် လာရောက်သူကများသည်ကို သတိပြုမိသည်။ ရထားထွက်ချိန်က မွန်းတည့် ၁၂ နာရီ။**

**ရွှေယွန်း**

ရထားမထွက်ခင် ဟိုတစ်စု၊ သည်တစ်စု ခရီးသည်အချင်းချင်း ရထားခရီးစဉ် သတင်းအချက်အလက်များကို ဝေမျှကြသည်။ ခေတ်မီလေအေးပေးစက်ပါ Diesel Electric Multiple Unit (DEMU) ရထားကြီး မြန်သည့်အကြောင်း၊ အချိန်မှန်သည့်အကြောင်း၊ ရထားပေါ်တွင် ရထားမယ်ပါသည့်အကြောင်း၊ ယခင်က RBE ရထားနှင့် ယခုအသစ် DEMU ရထား ကွာခြားချက်အကြောင်းများပင်။

ကျွန်မတို့အဖွဲ့က အလုပ်ကိစ္စအတွက် နေပြည်တော်မှရန်ကုန်သို့ DEMU လူစီးအမြန်ရထားခရီးစဉ်လိုက်ပါစီးနင်းကြမည်ဖြစ်သည်။ တစ်ဖွဲ့လုံး DEMU အမြန်ရထားကို ပထမဆုံးအကြိမ် စီးမည့်သူများဖြစ်သည်။ ပထမဆုံးအတွေ့အကြုံအတွက် ခရီးစဉ်တူ ခရီးသည်ချင်း ဝေမျှသည့် အကြောင်းအရာများကို နားစွင့် နားထောင်မိကြသည်။

**ခရီးသည်များအဆင်ပြေရေး မီးရထားဝန်ထမ်းများက ကူညီပေး**

မွန်းတည့် ၁၂ နာရီမထိုးမီ ၁၅ မိနစ်၊ မိနစ် ၂၀ အလိုတွင် ခရီးသည်များက ရထားပေါ်တက်ရန် အလျှိုလျှိုထွက်ခွာကြတော့သည်။ ထိုအချိန်တွင် မြန်မာ့မီးရထားမှ ဝန်ထမ်းများက နေပြည်တော်–ရန်ကုန်ခရီးသည်များ ရထားပေါ် အချိန်မီတက်ရောက်နိုင်ရန် စီမံဆော်ဩပေးကြသည်။ သက်ကြီးရွယ်အိုအဘိုးအဘွားများ၊ ခရီးသည်များ၊ အထုပ်အထည်များဖြင့် မနိုင့်တနိုင်ဖြစ်နေသည့် ခရီးသည်များကို အဆင်ပြေလွယ်ကူစွာ ရထားပေါ်ရောက်ရှိရေး မီးရထားဝန်ထမ်းများက ကူညီပေးကြသည်။

မွန်းတည့် ၁၂ နာရီအတိတွင် ရထားကြီးသည် အချိန်မှန်ထွက်ခွာခဲ့သည်။ ကျွန်မတို့အဖွဲ့လည်း Diesel Electric Multiple Unit(DEMU) လူစီးအမြန်ရထားကြီးစီးရသည့် အတွေ့အကြုံသစ်ကို စတင်ခံစားခဲ့သည်။

ကျွန်မတို့အဖွဲ့တွင် ပါဝင်သူတိုင်း ရထားစီးဖူးကြပါသည်။ ကျွန်မတို့အဖွဲ့မှ အချို့သည် ပြည်ပနိုင်ငံများ၏ ခေတ်မီအမြန်ရထားများ စီးဖူးကြပါသည်။ သို့သော် အခြားနိုင်ငံများနည်းတူ ကိုယ့်နိုင်ငံကို ခေတ်မီစေချင်သည့်စိတ်၊ တိုးတက်စေချင်သည့်စိတ်ကြောင့် DEMU လူစီးအမြန်ရထား၏အခြေအနေကို စိတ်ဝင်စားလျက်ရှိသည်။ အားလုံးက အချိန်မှန်၊ မမှန်၊ လုံခြုံမှု ရှိ၊ မရှိ၊ သန့်ရှင်းမှု ရှိ၊ မရှိကိုလေ့လာလိုကြသည်။ ထို့ကြောင့် ရထားထွက်သည်နှင့် အချိန် မှန်၊ မမှန် နာရီကြည့်ကြသည်။ ၁၂ နာရီအတိပင်။ ထို့အတွက် ကျေနပ်သွားကြသည်။ မြန်မာ့မီးရထား တစ်ခေတ်ဆန်းသစ်ပြီဟု မှတ်ချက်ပြုကြသည်။

ရထားထွက်ချိန်မှ ရန်ကုန်ဘူတာ ရောက်သည်အထိ ခရီးစဉ်တစ်လျှောက် စူးစမ်းလေ့လာကြမည်။ DEMU လူစီးအမြန်ရထားကြီးက အချိန်မှန်မှန်ဖြင့် ရန်ကုန်ဘူတာကြီးဆီ ထွက်ခွာနေပြီဖြစ်သည်။ ရထားပေါ်ရောက်၍ ရထားစနစ်ကို လေ့လာကြည့်သည့်အခါ DEMU လူစီးအမြန်ရထား၏ ထိုင်ခုံများသည် သန့်သန့်ရှင်းရှင်း သက်သောင့်သက်သာရှိသည်။ အဲကွန်းစနစ်ပါသည့်အတွက် အေးသည်။ အပေါ့အပါးအတွက် သန့်ရှင်းသည့် သန့်စင်ခန်းပါသည်။

ကားဖြင့် ခရီးသွားသည့်အခါ ယာဉ်ရပ်နားရန်နေရာမရောက်ခင် အပေါ့အပါးကိစ္စအတွက် ပူပင်နေရသည့် ဆွေမျိုးမိတ်သင်္ဂဟများ၏ ပြောစကားများကို ကြားသိနေရသည့်အတွက် ရထားကြီး စီးကြည့်ပါဟု တိုက်တွန်းမျှဝေချင်ပါသည်။ ကျန်းမာရေးအရဖြစ်စေ၊ အသက်အရွယ်အရဖြစ်စေ ပေါ့ပေါ့ပါးပါး သက်သောင့်သက်သာဖြစ်ရန် လိုအပ်သည့် ခရီးသည်များအတွက် အထောက်အကူပြုသည့် လူစီးအမြန်ရထားကြီး ဖြစ်သည်။

DEMU လူစီးအမြန်ရထားကြီးက ရန်ကုန်ဘူတာကြီးသို့ ပုံမှန်ညနေ ငါးနာရီခွဲအချိန်တွင် ရောက်ရှိသည်ဟု သိရသည်။ ရထားတွင် ပထမတန်းလေးတွဲ၊ အထက်တန်းနှစ်တွဲ စုစုပေါင်း တွဲဆိုင်းခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်သည်။ လက်မှတ်ခနှုန်းထားများအနေဖြင့် ရန်ကုန်–နေပြည်တော်၊ နေပြည်တော်–ရန်ကုန် ခရီးစဉ်အတွက် ပထမတန်း ကျပ် ၁၉၀၀၀၊ အထက်တန်း ကျပ် ၂၈၀၀၀ ဖြစ်သည်။



နေပြည်တော်ဘူတာကြီးမှ ထွက်ခွာမည့် အမှတ်(၈)အစုန် လေအေးပေးစက်ပါရှိသည့် DEMU လူစီးအမြန်ရထားကို တွေ့ရစဉ်။

**ရထားစီးရသည်မှာ သက်သောင့်သက်သာရှိ**

ယခု ရန်ကုန်ခရီးစဉ်ပါ ကျွန်မတို့အဖွဲ့သည် ရထားစီးရသည်မှာ အေးအေးချမ်းချမ်း သက်သောင့်သက်သာရှိသည့်အတွက် ဘေးပတ်ဝန်းကျင်ကို စတင်လေ့လာကြည့်မိသည်။ ပျဉ်းမနားဘူတာ မလွန်ခင်အထိ ပတ်ဝန်းကျင်သည် ထူးခြားမှုမရှိ။ လူနေရပ်ကွက် အိမ်ခြေများနှင့်သာ။ သို့သော် မြို့ပြနယ်နိမိတ်ကျော်လာသည်နှင့် ရထားပေါ်မှ ပတ်ဝန်းကျင် မြင်ကွင်းသည် ပြောင်းလဲသွားသည်။ အရှိန်ဖြင့်ခုတ်မောင်းနေသော ရထားကြီးနှင့်အတူ ရှမ်းတောင်တန်းကြီးက လိုက်ပါနေသယောင် မြင်ကွင်းက ခရီးဦးကြိုသည်။ အမြန်လမ်းမကြီးနှင့် ရထားလမ်းမကြီး ဘေးချင်းဆိုင်သည့်အခါ လမ်းပေါ်သွားလာနေသောကားကြီး၊ ကားငယ်အသွယ်သွယ်ကိုလည်း တွေ့ရသည်။

အမြန်လမ်းမကြီးပေါ်မှ နေပြည်တော်– ရန်ကုန်၊ ရန်ကုန်–နေပြည်တော် အကြိမ်ကြိမ် ကျွန်မတို့သွားရောက်ဖူးပါသည်။ သို့သော် ရထားစီး၍ ခရီးသွားသည့်အခါ ခံစားမှုက အသစ်ဖြစ်သွားသည်။ ရထားပေါ်မှ ရှုမျှော်ရသည့် ပတ်ဝန်းကျင်မြင်ကွင်းများက ခရီးသွားများ အကြိုက်ပင်။

မိုးကောင်းသည့်နှစ်ဖြစ်သည့်အတွက် ပတ်ဝန်းကျင် စိမ်းစိုသာယာမှုကို တွေ့ရသည်။ ချောင်းကန်များကလည်း ရေအပြည့်ပင်။ စပါးခင်းများ၊ သီးနှံစိုက်ခင်းများအတွင်း အလုပ်လုပ်ရင်း အမြန်ရထားကြီး မြင်သည့်အခါ ခဏနားကာ လက်ပြဝှေ့ယမ်းနှုတ်ဆက်ကြသူများကို မြင်ရသည့်အခါ ခင်မင်တတ်သည့်၊ နွေးထွေးပျူငှာသည့် မြန်မာ့ဓလေ့ကို ခံစားရသည်။ အေးချမ်းမှုကို ခံစားရသည်။ ရထားစီးရင်း တောတန်း၊ တောင်တန်း၊ ရွာစဉ်ရွာဆက်၊ မြို့ပြလူနေမှုများကို ကြည့်ရှုလေ့လာနိုင်သည်။

စိတ်ပင်ပန်း၊ လူပင်ပန်းသည့်အခါ DEMU ရထားကြီးစီး၍ အပန်းဖြေခရီးသွားလာ လည်ပတ်နိုင်သည်။ နေ့စဉ် နံနက် ၆ နာရီတိုင်း ရန်ကုန်မှ နေပြည်တော်သို့ DEMU လူစီးအမြန်ရထားထွက်သည်။ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်သို့ ရောက်သည်။ ရန်ကုန်မှ နေပြည်တော်၊ နေပြည်တော်မှ ရန်ကုန်ခရီးစဉ်ကို ဥဒဟိုရထားစီးပြီးသွားလာနိုင်နေပြီဖြစ်သည်။

DEMU ရထားက နိုင်ငံတကာအဆင့်မီ လူစီးအမြန်ရထားဖြစ်သည်။ ယခင် RBE ရထားများထက် အဆင့်မြင့်သည်၊ စနစ်ကောင်းသည်။ လူစီးအမြန်ရထားဖြစ်သည့်အတွက် ဘူတာစဉ်တိုင်း ရပ်တန့်ခြင်း မရှိပေ။ တံခါးစနစ်များသည် စနစ်ကျလုံခြုံသည့် အလိုအလျောက် အဖွင့်အပိတ်စနစ်များဖြစ်သည်။ ရပ်တန့်ရမည့်ဘူတာစဉ်တွင် ရပ်တန့်သည့်အခါ သုံးမိနစ်သာ တိတိကျကျရပ်တန့်သည်။ ထို့ကြောင့် ဘူတာစဉ်တွင် လမ်းတက်ခရီးသည်များ သွက်သွက် လက်လက် နေရာယူရသည်။ ယခင် RBE ရထားများ အသုံးပြုသလို ခရီးသည်များကို လိုက်ပါပို့ဆောင်သူများ အချိန်ယူပို့ဆောင်နှုတ်ဆက်၍မရပေ။

ထို့ကြောင့် ရထားပေါ်လိုက်ပါ တာဝန်ထမ်းဆောင်ကြသည့် မြန်မာ့မီးရထားမှ ဝန်ထမ်းများက ဘူတာစဉ် ဆိုက်ရောက်တိုင်း အသိပေးကြသည်၊ လိုက်ပါပို့ဆောင်သူများကို သတိပေးကြသည်။ ထိုအကြောင်းကို ရထားလက်မှတ်စစ်တာဝန်ကျဦးလေးကို ကျွန်မတို့အဖွဲ့ မေးမြန်းစေ့ငုမိသည်။

**စာမျက်နှာ ၁၁ သို့** ❂

**❝DEMU လူစီးအမြန်ရထားကြီးက အချိန်မှန်မှန်ဖြင့် ရန်ကုန်ဘူတာကြီးဆီ ထွက်ခွာနေပြီဖြစ်သည်။ ရထားပေါ်ရောက်၍ ရထားစနစ်ကို လေ့လာကြည့်သည့်အခါ DEMU လူစီးအမြန်ရထား၏ ထိုင်ခုံများသည် သန့်သန့်ရှင်းရှင်း သက်သောင့်သက်သာရှိသည်။ အဲကွန်းစနစ်ပါသည့်အတွက် အေးသည်။ အပေါ့အပါးအတွက် သန့်ရှင်းသည့်သန့်စင်ခန်းပါသည်❞**

**❝DEMU ရထားက နိုင်ငံတကာအဆင့်မီ လူစီးအမြန်ရထားဖြစ်သည်။ ယခင် RBE ရထားများထက် အဆင့်မြင့်သည်၊ စနစ်ကောင်းသည်။ လူစီးအမြန်ရထားဖြစ်သည့်အတွက် ဘူတာစဉ်တိုင်းရပ်တန့်ခြင်းမရှိပေ။ တံခါးစနစ်များသည် စနစ်ကျလုံခြုံသည့် အလိုအလျောက်အဖွင့်အပိတ်စနစ်များ ဖြစ်သည်။❞**





ရန်ကုန်ဘူတာကြီးမှ ထွက်ခွာမည့် DEMU လူစီးအမြန်ရထား။

❂ စာမျက်နှာ ၁၀ မှ

ခရီးသည်လိုက်ပါပို့ဆောင်သူများ ရပ်တန့်ချိန် သုံးမိနစ်အတွင်း ပြန်လည်မဆင်းနိုင်သည့်အတွက်၊ ရထားပေါ်ကျန်ရစ်သည့်ဖြစ်စဉ် ဖြစ်တတ်လွန်းသည့်အတွက် ခရီးသည်များ အလုပ်ပိုမည်စိုး၍ စေတနာထားသတိပေး၊ အသိပေးနေရသည့် အကြောင်းရင်းကို သိရှိခဲ့ရသည်။ ရထားစီးခရီးသည်များ ပျူငှာနွေးထွေးသည့် မြန်မာ့အလေ့အထကို DEMU ရထားအတက်အဆင်း၌ သတိချပ်ပါဟုဆိုရမည်ဖြစ်သည်။

ရထားလမ်းပိုင်းများအပေါ်တွင် မြန်မာ့မီးရထားမှ အမျိုးသားဝန်ထမ်းများဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးကြသည်။ သို့သော် DEMU ရထားကြီးပေါ်တွင် ပြည်သူများက လေယာဉ်မယ်ကဲ့သို့ နာမည်လှလှ ခေါ်ဆိုသည့် ရထားမယ် သို့မဟုတ် မြန်မာ့မီးရထားမှ တွဲထိန်းတာဝန်ထမ်းဆောင်သည့် အမျိုးသမီးဝန်ထမ်းများကို တာဝန်ပေးမှုအသစ်အဖြစ် တွေ့ရှိရသည်။ ရထားပေါ်ရှိ မြန်မာ့မီးရထားမှ အမျိုးသား၊ အမျိုးသမီးဝန်ထမ်းအားလုံးက ရထားပေါ်တွင် အမှိုက်များမရှိစေရေး လိုက်လံသိမ်းဆည်းပေးကြ

**“ရထားပေါ်လိုက်ပါ တာဝန်ထမ်းဆောင်ကြသည့် မြန်မာ့မီးရထားမှ ဝန်ထမ်းများက ဘူတာစဉ်ဆိုက်ရောက်တိုင်း အသိပေးကြသည်၊ လိုက်ပါပို့ဆောင်သူများကို သတိပေးကြသည်။ ခရီးသည် လိုက်ပါပို့ဆောင်သူများ ရပ်တန့်ချိန် သုံးမိနစ်အတွင်း ပြန်လည်မဆင်းနိုင်သည့်အတွက်၊ ရထားပေါ်ကျန်ရစ်သည့် ဖြစ်စဉ် ဖြစ်တတ်လွန်းသည့်အတွက် ခရီးသည်များ အလုပ်ပိုမည်စိုး၍ စေတနာထား သတိပေး၊ အသိပေးနေရသည့်အကြောင်းရင်းကို သိရှိခဲ့ရသည်။ ရထားစီးခရီးသည်များ ပျူငှာနွေးထွေးသည့် မြန်မာ့အလေ့အထကို DEMU ရထားအတက်အဆင်း၌ သတိချပ်ပါဟုဆိုရမည်”**

ထို့ပြင် ခရီးသွားပြည်သူများသည် ပြည်သူတစ်ဦးချင်းအလိုက် သန့်ရှင်းမှုအတွက်၊ လုံခြုံမှုအတွက်၊ ပြည်သူပိုင်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရန်အတွက် စည်းကမ်းများကို လိုက်နာရန် လိုအပ်သည်။ နိုင်ငံတကာအဆင့်မီမီ ပြည်သူများ ဆက်သွယ်သွားလာနိုင်ရန် နိုင်ငံ့ဘဏ္ဍာငွေ များစွာအသုံးပြုထားရသည့် ရထားလမ်းပိုင်းများဖြစ်သည့်အတွက် နိုင်ငံကြီးသား အသိက အစဉ်ရှိကြရမည်ဖြစ်သည်။ ရထားလမ်းပိုင်းများအပေါ် တရားမဝင်ဖြတ်သန်းသွားလာခြင်း၊ တိရစ္ဆာန်များ လွှတ်ကျောင်းခြင်း၊ အမှိုက်ပစ်ခြင်း စသည်တို့အပါအဝင် ဆင်ခြင်လိုက်နာရမည့် စည်းကမ်းများစွာရှိသည်။

မြန်မာ့မီးရထားမှ ဝန်ထမ်းများက စေတနာရှေ့ထား တာဝန်ထမ်းဆောင်ကြပါသည်။ ခေတ်မီရထားသစ်ကြီးဖြင့် ခရီးသည်များ သက်သောင့်သက်သာအေးချမ်းစွာ လိုရာခရီးသွားနိုင်ရန် ကူညီပေးကြသည်၊ စေတနာထား၍ ဝန်ဆောင်မှုပေးကြသည်။ ကွမ်းစားသည့် ခရီးသည်များ၊ အလွယ်တကူ အမှိုက်ပစ်တတ်သူများကြောင့် ရထားကြီး၏ သန့်ရှင်းမှုမလျော့ကျရန်၊ အနံ့ပြင်းသည့် အစားအသောက်များကြောင့် ခရီးသည်အချင်းချင်း အနှောင့်အယှက်မဖြစ်စေရေး သယ်ဆောင်ခြင်းမပြုရန်၊ အေးချမ်းလုံခြုံစွာ လိုရာခရီးသွားနိုင်ရန် ခရီးစဉ်တစ်လျှောက်လုံး ဂရုပြုပေးကြသည်။

သည်။ ခရီးသည်များအတွက် အဆာပြေမုန့်၊ ရေတို့ အလွယ်တကူ စားသောက်နိုင်ရန် ဝန်ဆောင်မှုပေးရောင်းချပေးကြသည်။

**ငြိမ့်ငြိမ့်ညောင်းညောင်းရှိလှ**

ရထားစီးပြည်သူများက ရထားစီးရသည်မှာ အေးအေးချမ်းချမ်း သက်သောင့်သက်သာရှိသည့်အပြင် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ထားသည့်အတွက် ငြိမ့်ငြိမ့်ညောင်းညောင်း ရှိလှသည်။ လုံခြုံအေးဆေးသည့်အတွက် ပတ်ဝန်းကျင်ကို မလေ့လာတော့ဘဲ တရေးတမော အိပ်ပျော်သွားကြသူများလည်းရှိသည်။ စာအုပ်စာပေ အေးအေးလူလူ ဖတ်သူများလည်း ရှိသည်။ ဖုန်းသုံးစွဲရင်း အပန်းဖြေသူများလည်း ရှိသည်။ ကျွန်မတို့အဖွဲ့ကဲ့သို့ DEMU ရထားကြီးကို စူးစမ်းလေ့လာလိုသူများလည်းရှိသည်။ ကျွန်မတို့အဖွဲ့အနီးမှ ခရီးသွားဖော် ဦးလေးက ဘူတာစဉ်ရပ်တန့်ချိန်တိုင်း ရပ်တန့်ချိန် သုံးမိနစ်ဟုတ်၊ မဟုတ်ကို ဖုန်းဖြင့် အချိန်မှတ်ကြည့်နေသည်ကို တွေ့ရသည်။ ယခုခရီးသည် ခရီးသွားဖော်ဦးလေး၏ ရန်ကုန်အပြန်ခရီးဖြစ်သည်။

ခရီးသွားဖော် ဦးလေးသည် ရန်ကုန်မှ နံနက် ၆ နာရီထွက်၊ နေပြည်တော်သို့ ၁၁ နာရီခွဲရောက်၊ ထိုမှတစ်ဆင့် မန္တလေးအထိ ခရီးဆက်ခဲ့ပြီး မန္တလေးမှ ပြန်လာခြင်းဖြစ်သည်။ ရထားစီးခရီးသွားများက ရန်ကုန်-မန္တလေးနှင့် မန္တလေး-ရန်ကုန်ခရီးစဉ် အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပါသည်။

ခရီးစဉ်မှာ အမှတ် (၇) အဆန် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားက နံနက် ၆ နာရီတွင် ရန်ကုန်ဘူတာမှ စတင်ထွက်ခွာရာ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၇)အဆန် လေအိတ်ရထားက မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့အတူ အမှတ် (၂၈) အစုန် လေအိတ်ရထားက နံနက် ၆ နာရီတွင် မန္တလေးဘူတာမှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ကာ အမှတ် (၈) အစုန် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားက မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ ရန်ကုန်ဘူတာသို့ ထွက်ခွာလျက်ရှိသည်။

ခရီးစဉ်အတွက် ပထမတန်း ကျပ် ၂၆၀၀၀၊ အထက်တန်း ကျပ် ၃၉၀၀၀ ဖြစ်သည်။ လက်မှတ်များကို မြန်မာ့မီးရထားမှ သုံးရက်ကြိုတင်ရောင်းချပေးလျက်ရှိသည်။ မန္တလေး- နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် အမှတ် (၂၇) အဆန်/(၂၈) အစုန် လေအိတ်ရထားတွင် ရိုးရိုးတန်း ကျပ် ၇၀၀၀၊ အထက်တန်း ကျပ် ၁၁၀၀၀ ဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချသွားရန်လည်း မြန်မာ့မီးရထားမှ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိခဲ့ရသည်။

ကျွန်မတို့ လိုက်ပါလာသည့် DEMU လူစီးအမြန်ရထားကြီးက နေပြည်တော်မှ ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ပဲခူး၊ တိုးကြောင်ကလေး စသည့် ဘူတာစဉ်များကို ဖြတ်သန်းကျော်လွန်ပြီး ရန်ကုန်ဘူတာကြီးသို့ ညနေ ၅ နာရီခွဲတွင် အချိန်မှန်ဆိုက်ရောက်ခဲ့သည်။ အေးချမ်းလုံခြုံစွာဖြင့် နေပြည်တော်-ရန်ကုန် ခရီးစဉ်က အဆင်ပြေချောမွေ့ခဲ့သည်။ အပြန်ခရီးကိုလည်း DEMU စီး၍ ကျွန်မတို့ ပြန်ပါဦးမည်။ ထို့ကြောင့် ခရီးသွားပြည်သူများအနေဖြင့် မြန်မာ့မီးရထား၏ DEMU ခေတ်မီလူစီးရထားစီး၍ ခရီးလမ်းပန်းသက်သောင့်သက်သာ အဆင်ပြေပြေ သွားလာနိုင်ကြောင်းကို ခရီးသွားအတွေ့အကြုံမှတစ်ဆင့် မျှဝေရေးသားဖော်ပြလိုက်ရပါသည်။ ။




နေပြည်တော်ဘူတာကြီးမှမထွက်ခွာမီ DEMU လူစီးအမြန်ရထားကို တွဲထိန်းဝန်ထမ်းများနှင့်အတူ တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် AFC Women's Champions League (AWCL) 2025/2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၅

AFC Women's Champions League (AWCL) 2025/2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကိုးဂိုး-ဂိုးမရှိဖြင့်အနိုင်ရ**

အဆိုပါ ဘောလုံးပြိုင်ပွဲသည် ၂၀၂၅-၂၀၂၆ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲဖြစ်ပြီး ယနေ့တွင် အုပ်စုပထမနေ့ပွဲစဉ်အဖြစ် မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းနှင့် ဂူအမ်နိုင်ငံမှ Strykers FC အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပထမပိုင်း ၄၅ မိနစ်တွင် I.S.P.E FC အမျိုးသမီးဘောလုံးအသင်းက ခုနစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်း ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် I.S.P.E FC အမျိုးသမီးဘောလုံးအသင်းက ထပ်မံ၍ နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ပြိုင်ပွဲပြီးဆုံးချိန်တွင် I.S.P.E FC အသင်းက Strykers FC အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။






**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံ၏ လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံကျောင်း ခန်းမဆောင်၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ လေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီးက လေကြောင်းပညာသိပ္ပံနှင့်ပတ်သက်၍လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Airfield Lighting ခန်းမ၌ Aerodrome Layout များ၊ Runway Lighting များကို Model Display ဖြင့် ရှင်းလင်းပြသခြင်း၊ Communication & Navigations Aids ခန်းမ၌ DOVR Equipment နှင့် HF၊ VHF စက်များကို ရှင်းလင်းပြသခြင်း၊ 270 ဒီဂရီ 3D ATC TOWER SIMULATOR ခန်းမ၌ အသစ် တပ်ဆင်ထားသည့် SIMULATOR ဖြင့် သရုပ်ပြရှင်းလင်းခြင်း၊ No.44 & No.45 Aerodrome Control Rating Training Course သင်ကြားနေမှုအခြေအနေ၊ Aircraft Rescue & Firefighting Leadership Course 2/2025 ပို့ချနေမှုအခြေအနေ၊ Computer Lab Room နှင့် Aircraft Firefighting Equipment ခင်းကျင်းထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်နှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

နေပြည်တော် ဩဂုတ် ၂၅

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်သေဆုံးမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ အလုပ်ခွင်မတော်တဆထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက ဒက္ခိဏသီရိမြို့နယ်လူမှုဖူလုံရေးရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ဝန်ထမ်းဖြစ်သည့် အာမခံအလုပ်သမား ဦးကျော်သန်း သည် မတ် ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် လုပ်ငန်းခွင်ထိခိုက်သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၇၂၀၀၀၀၀ ကို သားဖြစ်သူ မောင်အောင်ဇော်လတ်ထံ ဌာနဆိုင်ရာ တာဝန်ရှိသူများရှေ့မှောက်တွင် ထုတ်ပေးခဲ့သည်။

အလားတူ ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မိုးသူဇာမုန့်တိုက်မှ အာမခံအလုပ်သမားသုံးဦးသည် မတ် ၂၈ ရက်တွင်လှုပ်ခတ်သည့် မန္တလေးငလျင်ကြောင့် အလုပ်တွင်ထိခိုက်သေဆုံးခဲ့သည့်အတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်ငွေများ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါက်ခေါင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Unique Identity ဆောင်ရွက်ပေး



ပေါက်ခေါင်း ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric ကောက်ယူပြီး UID ထုတ်ပေးခြင်းကို မြန်မာ့စီးပွားရေးဘဏ်၌ ယမန်နေ့က ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး လူဝင်မှုကြီးကြပ်ရေးမှူး ဦးအောင်ဇော်ထက် ဦးဆောင်၍ UID Smart Card မပြုလုပ်ရသေးသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Unique Identity ထုတ်ပေးခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

တာချီလိတ် ဩဂုတ် ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း (တာချီလိတ်)၌ ကျင်းပသည်။

ဦးစွာ ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ရဲအုပ်မင်းခိုင်က လူမှောင်ခို၊ လူကုန်ကူးမှု၏ အဓိပ္ပာယ်နှင့် လူကုန်ကူးမှုမြောက်သည့် နည်းလမ်းများ၊ ယနေ့ခေတ်တွင် အွန်လိုင်းဆိုရှယ်မီဒီယာများ အသုံးပြု၍ လောင်းကစားမှုများ၊ လူကုန်ကူးမှုနှင့် ဆက်စပ်သည့် သွေးဆောင်လိမ်လည်မှု ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးလိမ်လည်မှုဆိုင်ရာ အသိပညာပေး Video Clip ကို ပြသသည်။



**ရှင်းလင်းဟောပြော**

ထို့နောက် အမှတ်(၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အေးမင်းအောင်နှင့် ဒုတိယရဲအုပ် သင်းသင်းလှိုင်တို့က ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရန်/ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**မိုး/ဇလ**

# ဟာဇ်ဘိုလာအဖွဲ့ လက်နက်ချပါက လက်ဘနွန်မှ အစ္စရေးတပ်ဖွဲ့များကို ရုပ်သိမ်းမည်ဟု အစ္စရေးပြောကြား



အထူးကိုယ်စားလှယ် တွန်မ်ဘာရက်တွေ့ဆုံခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ၎င်းသည် ဟာဇ်ဘိုလာအဖွဲ့ လက်နက်ဖျက်သိမ်းရေးအတွက် တွန်းအားပေးနေသူဖြစ်သည်။

ဂျေရုဆလင် ဩဂုတ် ၂၅

ဟာဇ်ဘိုလာအဖွဲ့ လက်နက်ချပါက လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့များကို ရုပ်သိမ်းပေးမည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ရုံးက ဩဂုတ် ၂၅ရက်တွင် ပြောကြားသည်။

ယခုနှစ်ကုန်တွင် လက်နက်များအားနိုင်ငံတော် ထိန်းချုပ်မှုအောက်တွင် ထားရှိရေးအတွက် လက်ဘနွန်အစိုးရ၏ ဆုံးဖြတ်ချက်အား ကြိုဆိုကြောင်းနှင့် ၎င်းဆောင်ရွက်ချက်သည် အရေးပါသည့် ဆုံးဖြတ်ချက်ဖြစ်ကာ လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ယင်းရုံးက ပြောကြားသည်။

ပြောကြား

လက်ဘနွန်တပ်မတော်က လက်နက်ဖျက်သိမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်မည်ဆိုပါက ၎င်း၏ စစ်အင်အားကို လျှော့ချခြင်းအပါအဝင် ဖြေလျှော့ခြင်းများကို အစ္စရေးက ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါရုံးက ပြောကြားခဲ့သည်။

လက်ရှိအချိန်သည် အစ္စရေးနှင့် လက်ဘနွန် နှစ်နိုင်ငံစလုံးအတွက် ဟာဇ်ဘိုလာအဖွဲ့ လက်နက်ဖြုတ်သိမ်းရေးနှင့် တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မှုစတင်ခတ်ဖြင့် ရှေ့သို့ချီတက်ရမည့် အချိန်ဖြစ်သည်ဟု ၎င်းရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ယခုအစ္စရေး၏ ကြေညာချက်သည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအား အမေရိကန် ဖျက်သိမ်းရေးအတွက် တွန်းအားပေးနေသူဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**



# ဂျပန်နိုင်ငံ အိုင်ချီ စီရင်စု တိုယိုအေဒေသတွင် စမတ်ဖုန်းနှင့် အီလက်ထရောနစ်ကိရိယာများ နှစ်နာရီသာ သုံးစွဲခွင့်ပြုမည့်စည်းမျဉ်း အဆိုပြု

တိုကျို ဩဂုတ် ၂၅

ဂျပန်နိုင်ငံ အိုင်ချီစီရင်စု တိုယိုအေ ဒေသန္တရအစိုးရသည် ဒေသခံများအား စမတ်ဖုန်းနှင့် အခြားအီလက်ထရောနစ်ကိရိယာများကို အားလပ်ချိန်တွင် နှစ်နာရီသာ သုံးစွဲခွင့်ပြုမည့် စည်းမျဉ်းတစ်ရပ်ကို ဩဂုတ်၂၅ ရက်က ဒေသန္တရလွှတ်တော် အစည်းအဝေးတွင် အဆိုပြုခဲ့ကြောင်း သိရသည်။

စမတ်ဖုန်း၊ တက်ဘလက်နှင့် အီလက်ထရောနစ်ကိရိယာများ အချိန်ကြာမြင့်စွာ အသုံးပြုခြင်းသည် အိပ်ရေးပျက်ခြင်းနှင့် အခြားကျန်းမာရေးပြဿနာများကို ဖြစ်စေသည်သာမကဘဲ မိသားစုအတွင်း ဆက်ဆံရေးကို ထိခိုက်စေကာ ကလေးများဖွံ့ဖြိုးရေးအတွက် ဟန့်တားနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသက် (၁၈)နှစ်အောက် ကလေးများအား ဖုန်းနှင့် အီလက်ထရောနစ် ကိရိယာများကို အားလပ်ချိန်တွင် နှစ်နာရီသာသုံးစွဲရန် သတ်မှတ်ထားသော်လည်း ၎င်းတားမြစ်ချက်သည် လုပ်ငန်းခွင်နှင့် ပညာသင်ကြားရေးကဏ္ဍများတွင် အကျုံးမဝင်ကြောင်းသိရသည်။ ဒေသခံများအား အိပ်ချိန်အလုံအလောက်ရရှိစေရေးနှင့် မိသားစုအတွင်း ဆက်ဆံရေးမြှင့်တင်ရန်အတွက် ၎င်းစည်းမျဉ်းကို အဆိုပြုခဲ့ခြင်းဖြစ်သည်ဟု တိုယိုအေမြို့တော်ဝန် ကိုကီ မာဆာ ဖူမီက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံမှ ရုပ်သိမ်းရေးဆောင်ရွက်

ဘဂ္ဂဒက် ဩဂုတ် ၂၅

အမေရိကန် တပ်ဖွဲ့များသည် အီရတ်နိုင်ငံမှ ရုပ်သိမ်းရေးကို အရှိန်မြှင့် ဆောင်ရွက်နေကြောင်း ဒေသန္တရမီဒီယာများက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

အာရန် အယ်လ် အဆတ်စခန်းနှင့် ဗစ်တိုးရီးယား စခန်းများမှ အမေရိကန် တပ်ဖွဲ့ဝင်များသည် ရုပ်သိမ်းနေကြကြောင်း သိရသည်။ သို့ရာတွင် လုံခြုံရေးအခြေအနေအရ တပ်ဖွဲ့ဝင်အချို့သည် ကာဒတ်စတန်ဒေသ မြို့တော် အာဗေးတွင် ပြောင်းရွှေ့ တပ်စွဲခဲ့ကြောင်း သိရသည်။

တပ်ဖွဲ့ဝင်များ ဆုတ်ခွာရေးအမိန့်ကို အမေရိကန်သံရုံးက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကာ ဆုတ်ခွာရေးလုပ်ငန်းများကို အဆင့်အလိုက် ဆောင်ရွက်နေကြောင်း အီရတ် တာဝန်ရှိသူများက ပြောကြားသည်။

ယခု အမေရိကန်တပ်ဖွဲ့၏ ဆောင်ရွက်ချက်သည် မကြာသေးမီက ရရှိခဲ့သည့် တပ်ဖွဲ့များ ရုပ်သိမ်းရေး အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့များ၏ အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ရေး အစီအစဉ်သည် ယခုနှစ် စက်တင်ဘာတွင် ပြီးစီးမည်ဟု အီရတ်ဝန်ကြီးချုပ်၏ လုံခြုံရေးအကြံပေး မိုဟာမက် ရှီယာ အယ်လ်ဆူဒါနီက ပြောကြားသည်။ အမေရိကန်နှင့်အီရတ် တာဝန်ရှိသူများသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာက အီရတ်မှ မဟာမိတ်တပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် သဘောတူခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**



# ဗီယက်နမ်နိုင်ငံအလယ်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်း ကဂျိကိဝင်ရောက်တိုက်ခတ်



ဟနွိုင်း ဩဂုတ် ၂၅

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်း ကဂျိက ဩဂုတ် ၂၅ ရက်က ဝင်ရောက်တိုက်ခတ်သဖြင့် လေပြင်းများတိုက်ခတ်ပြီး သစ်ပင်များလဲကျကာ ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

ငွေ့အန်-ဟာတင် ကမ်းရိုးတန်းဒေသတွင် ၎င်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်မှုကြောင့် လေပြင်းများ တိုက်ခတ်ကာ ဓာတ်တိုင်များလဲကျပြီး ဒေသအတွင်းရှိ ဟိုတယ်များနှင့် စားသောက်ဆိုင်များ ထိခိုက်ပျက်စီးခဲ့သည်။

၎င်းတိုင်ဖွန်းမုန်တိုင်းကြောင့် ဒေသအနှံ့အပြားတွင် သယ်ယူပို့ဆောင်ရေးကွန်ရက်များ ပြတ်တောက်သွားခဲ့သည်။ ဟာတင်ဒေသရဲတပ်ဖွဲ့သည် အမျိုးသားအဝေးပြေးလမ်းတွင် ယာဉ်အသွားအလာများကို ပိတ်ပင်ခဲ့သည်။ ကွန်ထရီနှင့်သန်ဟိုးဒေသများရှိ လေဆိပ်များတွင် လေယာဉ်များပြေးဆွဲခြင်းကို ရပ်ဆိုင်းခဲ့ရသည်။

ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းအန္တရာယ်တို့ ဖြစ်နိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။ မြေပြိုမှုဖြစ်နိုင်သည့်ဒေသများမှ ဒေသခံများအား ရွှေ့ပြောင်းပေးရန်အတွက် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ရန် ဝန်ကြီးချုပ် ဖန်မင်ချင်းက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ ဒေသခံများအား ကယ်ဆယ်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် လေယာဉ်များကို အသင့်ထားရှိခဲ့ကြောင်း သိရသည်။ **ကိုးကား - ဗွီအင်န်အိပ်ပရက်စ်**

**ဘာသာပြန် - စိုးသူရ**

# လာအိုနိုင်ငံတွင် မသန်စွမ်းပြန်လည်ထူထောင်ရေးဆောင်ရွက်မည်

ဗီယင်ကျန်း ဩဂုတ် ၂၅

လာအိုနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကျန်းမာရေးစီမံချက်အရ နိုင်ငံမြောက်ပိုင်းဒေသများရှိ မသန်စွမ်းများနှင့် သက်ကြီးရွယ်အိုများ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကာ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်မည်ဟု ကျန်းမာရေးသတင်းအချက်အလက်နှင့် ပညာပေးဌာနက ပြောကြားသည်။

မသန်စွမ်းဆိုင်ရာ ပြန်လည်ထူထောင်ရေးတွင် ခေတ်မီဆေးပညာဖြင့် အားဖြည့်ဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

ကြေးမုံ



# ပန်းတောင်း၊ ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းအရ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက် ပုသိမ်-မုံရွာ ကားလမ်းမဘေးရှိ အိမ်ငှားနေထိုင်သူ သိန်းထွန်း(၆၃)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ်သိန်း ၆၀၀)ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် ၆၉ လမ်း၊ ၁၀၇ x ၁၀၈ လမ်းကြားတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁)ရပ်ကွက်နေ သူရအေး(ခ)ဟူစိန်(၃၃)နှစ် မောင်းနှင်လာသော ဆိုင်ကယ်နှင့် မုံရွာမြို့နယ် ဆူးလေကုန်းကျေးရွာနေ ကျော်သက်ခိုင်(ခ)တဲလုံး (၃၀)နှစ် မောင်းနှင်ပြီး ချမ်းမြသာစည်မြို့ အောင်ပင်လယ်ရပ်ကွက်နေ လှိုင်မိုး(ခ)ထွန်းလှိုင်မိုး(၃၀)နှစ် လိုက်ပါလာသည့် MITSUBISHI PAJERO ယာဉ်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၇၂၀၀)ကို သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူ ကျော်ဇင်ထွေးနှင့် ကျော်ဇင်အေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၁၁ နာရီတွင် သတင်းအရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာအနီးတွင် မူဆယ်မြို့မှ မိုးညှင်းမြို့သို့ မြစ်ကြီးနားမြို့ နန်းကွေ့ရပ်ကွက်နေ ကျော်ဇင်ထွေး(၂၂)နှစ်မောင်းနှင်ပြီး မြစ်ကြီးနားမြို့ နန်းကွေ့ရပ်ကွက်နေ ကျော်ဇင်အေး(၂၉)နှစ် လိုက်ပါလာသော TOYOTA HILUX VIGO ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့ နှစ်ဦး သယ်ဆောင်လာသည့် ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၈၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၄၂၉ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ် သိန်း ၁၅၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၅

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာ၌ ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၂ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၈၂၃၃၆၅၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Hino Profia Truck နှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၈၂၃၃၆၅၆ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၅ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၉၄၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck သုံးစီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၀၈၄ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၅၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## အရေးယူဆောင်ရွက်

အလားတူ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၉၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Young Man Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရှမ်းခရိုင် မြို့ကြီးအနီး၌ ယာဉ် ၁၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၇၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂၄၁၃၂၈၂၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck ငါးစီး၊ Mitsubishi Fuso Truck လေးစီး၊ Hino Profia Truck တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၀၀၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် စွတ်ဆိုင်ကျေးရွာအနီးရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၀၅၅၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၄၆၅၁၅၇)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၉၆၁၀၂၉၇၇ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၅ ရက်တွင် ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၇၅၀၀)သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဩဂုတ် ၂၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ်ရှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၃ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်၊ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၇ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၇၃၃၉၇၆၉၃)ကို သိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၀-၂၀၂၅ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ အနာဂတ်ရဲ့အလှပျိုးခင်း
၀၉:၄၀ Sports Diary
၁၀:၃၅ မိသားစုဝင်ငွေတိုးဖို့ဘူးပင်စိုက်ပျိုးကြစို့
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်အပြုံးနဲ့အမုန်း' (အပိုင်း-၁)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ' (အပိုင်း-၂၉+၃၀)
၁၅:၃၀ Weekly MNL Review
၁၆:၄၀ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
၁၇:၁၀ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) 'တော်ဝင်စားဖွဲ' (အပိုင်း-၄၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုန်တိုင်းတစ်ခုရဲ့နှိုးဆုံး' (အပိုင်း-၂၄)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:02 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
07:10 Smiling Buddha
07:34 Myanmar Street Foods
07:40 Pauk Thit Basketry Village
08:01 News
08:26 Topics Potpourri; A New Generation Reclaims Fukushima's Fields
08:33 Myanmar Avocado In The Global Market
08:50 Thingyan Songs and Dances
09:01 Introductory Programme of Literary Award Winners: U Zaw Htay (Culture)
09:18 BE. FALLS PARK

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ကရင်)
၀၆:၄၅ မြန်မာသံစဉ်တေးသီချင်းများ
၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတ္တဝေဂ' (အပိုင်း-၅)
၀၇:၄၅ စတီရီယိုတေးသီချင်းများ
၀၈:၀၅ K Pop Music Gallery(31)
၀၈:၂၀ ဟိုတုန်းက...ရေဒီယိုဇာတ်လမ်းများ 'သံသရာသည်တစ်ကွေ့ဝယ်'
၀၉:၁၅ ကာတွန်းအစီအစဉ် 'ဗိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၄၉)
၀၉:၃၅ စတီရီယိုတေးများ
၀၉:၅၅ မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ) 'မကြားရမမြင်ရသောသံယောဇဉ်'

### MRTV NRC

**ဝဏ္ဏကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တီးမှုတ်ပွဲဆယ်ရဲ့ထိန်းသိမ်းစဉ်လာရိုးရာလက်မှုပညာ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၂)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သမီးလက်ရာငါးချဉ်ဟင်း

**ချင်း (လိုင်းဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ ရေးမယ်တို့ 'ချင်း' စာ(အပိုင်း-၃၉)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဘုရင့်ညီနောင်ရတနာလိုဏ်ဂူ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
စိမ်းလန်းစိုပြေသံဖြူဇရပ်မြေ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လူတိုင်းအတွက်ကျန်းမာရေး

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
သာယာလှပတဲ့နမ့်ပေးရေတံခွန်ဆီသို့

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၂)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ပျားမွေးမြူရေး

### MRTV News

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV Parliament

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၆)

### MRTV Farmers' HD Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ AGRICULTURE IN INDIA
၁၉:၀၀ Day in the Life of a Small Farm
၂၀:၀၀ ညို့(ဇာတ်လမ်း)
၂၂:၀၀ Way Back Home (နိုင်ငံခြားဇာတ်လမ်း)

### MRTV Sports HD Channel

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၂၅ The Sports Editor's Top Picks of this Week
၁၇:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၈ နာရီက လသာမြို့နယ်ရှိအမှတ်(၁) အခြေခံပညာဦးစီးဌာန ကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း စာပေစကားဝိုင်းဆွေးနွေးပွဲ၊ ဥာဏ်စွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများဖြစ်သည့် မြားပစ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ခွက်ရွှေ့ပြိုင်ပွဲ၊ ဘောလုံးဖိပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ ခွက်စီပြိုင်ပွဲ၊ ခွက်ရေဖြည့်ပြိုင်ပွဲ၊ ပင်ပေါင်ဘောလုံးပစ်ပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်စာစောင်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အလှူငွေပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် စာပေဟောပြောပွဲ ၌ ဟောပြောမည့်စာရေးဆရာ လင်းသိုက်ညွန့်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ခုနစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၆၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၄၁၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၀၆၄၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၁ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၅၄ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ လေးဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၈ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကလောမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့ ဆိုင်းဘုတ်ပိုစတာဖွင့်ပွဲ ကျင်းပ

ကလော ဩဂုတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ကလောမြို့ အများပြည်သူသွားလာသည့် မင်းလမ်းမကြီးဘေးတွင် လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့ ဆိုင်းဘုတ်ပိုစတာဖွင့်ပွဲ ကျင်းပသည်။



ဦးစွာ ကလောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးထွန်းဝင်းတို့က လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့ ဆိုင်းဘုတ်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကလောမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းတို့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)



# မြေငလျင်လှုပ်ခတ်မှု ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူ ဇာတ်တိုက်သရုပ်ပြသ

ရမည်းသင်း ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သင်ပန်းကုန်း အုပ်စု ကောင်းမြတ်သုခ(အထွေထွေရောဂါကုဆေးရုံ)၌ ယနေ့နံနက်ပိုင်းက မြေငလျင်လှုပ်ခတ်မှု ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက် သရုပ်ပြသခြင်းကို ဆောင်ရွက်သည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်က အနီးကပ်ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်း ဦးဆောင်သော သန္ဒေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များဖြင့် မြေငလျင်လှုပ်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြုနည်း၊ ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက်သရုပ်ပြသခြင်း လုပ်ငန်းဆောင်ရွက်ခြင်းနှင့် တပ်ဖွဲ့ဝင်တစ်ဦးက( Brave Heart) တစ်ကိုယ်ရေမီးသတ်စွမ်းရည်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရပ်စောက်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

တောင်ကြီး ဩဂုတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရပ်စောက်မြို့နယ် ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ရပ်စောက်မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌက အသင်း၏လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လမ်းညွှန်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် သမဝါယမအသင်းစုလီမိတက် အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းများနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အတည်ပြုချက်ရယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဝိုးတောင်း

# မြစ်ကြီးနားမြို့နယ်အတွင်း သားငါးစားသုံးမှုဖူလုံစေရေး မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား ဩဂုတ် ၂၅

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေး၊ သားငါး စားသုံးမှုဖူလုံစေရေးနှင့် ကုန်စျေးနှုန်းတည်ငြိမ်ရေး၊ ပုဂ္ဂလိကပိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နန်းကွေ့ကျေးရွာနယ်မြေ(၄)ရှိဦးအောင်သူလင်း၏ အသားတိုးကြက် မွေးမြူရေးခြံ၌ အသားတိုးကြက်သားပေါက်နှင့် ကြက်ကြီးကောင်ရေ ၃၅၀၀ ကျော် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်း ပြန်လည်ဖြန့်ဖြူးရောင်းချနိုင်မှုနှင့် ကြက်သားပေါက်နှင့် ကြက်စာဝယ်ယူရရှိနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးပြီး တိရစ္ဆာန်အာဟာရဖြည့်စွက်အစာနှင့် မွေးမြူရေးအထောက်အကူပြု ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒေသကျွဲများ လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွဲများ ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ဦးဝင်းဆွေ၏ အသားတိုးဝက် မွေးမြူရေးခြံ၌ အသားတိုးဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်းဖြန့်ဖြူးရောင်းချနိုင်မှုနှင့် ဝက်သားပေါက်နှင့် ဝက်စာဝယ်ယူရရှိမှု၊ တိရစ္ဆာန်ကူးစက်ရောဂါမဖြစ်ပွားရေးတို့နှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မွေးမြူရေးအထောက်အကူပြုဆေးဝါးပစ္စည်းနှင့် အစာအိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မင်းဘူးမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေး

မင်းဘူး ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက် အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက မင်းဘူးမြို့ ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစောနိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတိုင်းအတွက် အသုံးဝင်အရေးပါပြီး မရှိမဖြစ်လိုအပ်သည့်အတွက် ကွင်းဆင်း၍ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ မောင်မောင်(မင်းဘူး)



## မကွေးမြို့၌ မိုးနှောင်းဝါ စိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



မကွေး ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သမဝါယမကဏ္ဍမှ ဆောင်ရွက်ထားသည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးနှောင်းဝါစိုက်ပျိုးထားရှိမှုအခြေအနေကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မိုးနှောင်းဝါ စိုက်ပျိုးရန်အတွက် အထွက်တိုးမျိုးဖြစ်သည့် B 31 မျိုး စိုက်ပျိုးထားသည့် စည်ပင်သာ စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးမင်းနိုင်၏ ဝါစိုက်ခင်းအား မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီအေးနှင့်မြို့နယ်သမဝါယမ အသင်းစုတို့က သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်းက တောင်သူများ ဝါစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စိုက်ပျိုးမြေပြုပြင်ပြီး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေးရန် လိုအပ်ကြောင်း၊ ရေရရှိရေးနှင့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဝါစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## အုတ်ဖိုမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

အုတ်ဖို ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် လွှစင်ကျေးရွာအုပ်စုရှိ မိုးစပါးဧက ၃၀၀ အကွက်ကျယ်စံပြကွက်တွင် တောင်သူ သုံးဦး၏ ဗီယက်နမ်ရက် ၁၀၀ မျိုး ၂၂ ဧက ရိတ်သိမ်းခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ သာယာဝတီခရိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကြီးကြပ်မှုကော်မတီက ကွင်းဆင်းကြည့်ရှုပြီး မြို့နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိုးစပါးစိုက်တောင်သူများက ပါဝင်ဆောင်ရွက်သည်။ ရိတ်သိမ်းခဲ့သည့် တောင်သူသုံးဦး စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် အစိုထွက်တင်း ၁၅၄ ဒသမ ၂၃ တင်း၊ ၁၅၇ ဒသမ ၈၅ တင်းနှင့် ၁၅၉ ဒသမ ၀၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်းနှင့် အုတ်ဖိုမြို့နယ်၌ ယခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၀၀၃၇၄ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **အောင်သူ (အုတ်ဖို)**



## ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ဓနုဖြူ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင်စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက UNT စက်သုံးဆီအရောင်းဆိုင်၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးထူးမြတ်ကျော်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမီးသတ်ဦးစီးမှူး ဦးထူးမြတ်ကျော်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို လက်တွေ့ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## မိုးညိုမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ဆက်လက်ဆောင်ရွက်ပေး



မိုးညို ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၂၁ ရက်က စတင် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မိုးညိုမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးချစ်ကိုကို၏ ဦးဆောင်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသည့် ပင်စင်စားဘိုးဘွားများအား UID ဆောင်ရွက် ပြီး/မပြီး စိစစ်ခြင်းများ ဆောင်ရွက်ရာ UID မပြုလုပ်ရသေးသူများအား Biometric Data UID ကတ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# ထားဝယ်မြို့၌ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ထားဝယ် ဩဂုတ် ၂၅

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တနင်္သာရီတိုင်းဒေသကြီးအဆင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ များက အသက်ငါးနှစ်အောက်ကလေးများအား အင်အားပြည့် ဗီတာမင်အေဆေး တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား အဏုအာဟာရဆေးများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)



## မြောက်ဥက္ကလာပမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ဆေးများ တိုက်ကျွေး

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အခြေခံပညာကျောင်းများရှိ KG ကျောင်းသား ကျောင်းသူများ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာကျောင်းများတွင် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးတိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းထွန်း ဦးဆောင်ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသော အသက်ငါးနှစ်မှ ခုနစ်နှစ်ကြား KG ကျောင်းသား ကျောင်းသူများ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ဆေး စနစ်တကျတိုက်ကျွေးကြသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် (၁) ဗိုလ်မှူး ဖြိုးဝေလင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည်။

မြောက်ဥက္ကလာပမြို့နယ်၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးမည့် KG တန်းကလေးငယ် ၅၂၂ ဦးရှိရာ နှစ်ရက်အတွင်း အခြေခံပညာကျောင်းများသို့ကွင်းဆင်းကာ ကာကွယ်ဆေးလွှမ်းခြုံနိုင်ရေး တိုက်ကျွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**

## ဟင်္သာတမြို့နယ်၌ အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

ဟင်္သာတ ဩဂုတ် ၂၅

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် (စတုတ္ထပတ်) အိုင်အိုဒင်းချို့တဲ့ ရောဂါများ ပပျောက်ရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဟင်္သာတမြို့ ပဒေသာဈေးကြီးရှိ ဆား လက်လီလက်ကားရောင်းချသော ဆိုင်များမှ ဆားနမူနာများအား အိုင်အိုဒင်းပါဝင်မှု အရည်အသွေး စစ်ဆေးခြင်း ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာသို့ ခရိုင်နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူ သင်တန်းသားများ၊ စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပါဝင်ဆောင်ရွက်ကြသည်။



ထို့ပြင် ဟင်္သာတမြို့နယ်ရှိ စည်ပင်သာယာဈေးများ၊ ရပ်ကွက်၊ ကျေးရွာများမှ လက်လီ လက်ကား ဈေးဆိုင်များ၊ နေအိမ်များနှင့် အခြေခံပညာ စာသင်ကျောင်းများ၌လည်း ဆားများတွင် အိုင်အိုဒင်း ပါဝင်မှု စစ်ဆေးခြင်း၊ အိုင်အိုဒင်း ချို့တဲ့မှု ရောဂါများအကြောင်း အသိပညာပေး ဟောပြောခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အိမ်မဲမြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး စစ်ဆေးဆောင်ရွက်

အိမ်မဲ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက အိမ်မဲမြို့မဈေးတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်မဲမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးဦးတင်မျိုးဝင်း ဦးဆောင်၍ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ် လျှပ်စစ်ရုံးတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အိမ်မဲမြို့မဈေး၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက ဈေးသူ ဈေးသားများကို မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဧရာဦးသာ





## ဝေါမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

ဝေါ ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ယမန်နေ့တွင် ရပ်ကွက်၊ ကျေးရွာများ၌ ခြင်မှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား(၃)ခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

( ခ ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myatthujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format — JPG A3 (297 x 420 mm) with the correct aspect ratio၊

(၂) Resolution — 300 dpi၊

(၃) File Size — 15 Mb ထက်မပိုစေရ။ ၁၀ file ထက် မပိုရပါ၊

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ် ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) File Submission Format — JPG၊ A3 (297x420 mm) with correct aspect ratio၊

(၂) Resolution — 300 dpi၊

(၃) File Size — 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့်ကိရိယာများအသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများအသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ်ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format — mp 4၊

(၂) Resolution — 3840 x 2160 p ထက်မပိုစေရ၊

(၃) File Size — 300 Mb ထက်မပိုစေရ၊

(၄) Duration — 120 Seconds ထက်မပိုစေရ၊

(၅) Sound — 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ) နှင့် နိုင်ငံ စသည့်အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံး ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယို (၁၀)ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သောစာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI) နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## တံတားဦးမြို့နယ်ရှိ စက်သုံးဆီဆိုင်များ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

တံတားဦး ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနက မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရေး၊ မီးသတိပြုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးတို့အတွက် ယနေ့နံနက် ၉ နာရီက တံတားဦးမြို့ အောင်သန်းကျော်စက်သုံးဆီဆိုင်ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာသို့ တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူအောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများနှင့် အကြံပြုဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

## ပုသိမ်မြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ပုသိမ် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ကုန်ဈေးနှုန်းရုံးအဖွဲ့နှင့် လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဩဂုတ် ၂၃ ရက်က ပုသိမ်မြို့နယ် အောင်သီရိဈေး(ကုလားကုန်း)၌ အခြေခံစာသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်း၊ ဝက်သား တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀ နှုန်း၊ အမဲသား တစ်ပိဿာလျှင် ငွေကျပ် ၁၈၄၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ထိပ်တန်းရောင်းဝယ်ရေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး



ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ထိပ်တန်းရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အကျိုးဝေစုများပေးအပ်ခြင်းကို ဩဂုတ်၂၄ ရက်မွန်းလွဲ ၁ နာရီက အဆိုပါသမဝါယမအသင်း ပိုင် အဆောက်အအုံ၌ ကျင်းပသည်။

ဦးစွာ ထိပ်တန်းရောင်းဝယ်ရေးသမဝါယမ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို တာဝန်ရှိသူများက ဖတ်ကြားပြီး အတည်ပြုချက်များ ရယူခဲ့သည်။ ထို့နောက် ထိပ်တန်းရောင်းဝယ်ရေးသမဝါယမ အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အကျိုးဝေစု ငွေကျပ် ၅၂၈၀၀၀၀ ကို မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်သီတာဦးက ပေးအပ်ရာ အသင်းသားများကိုယ်စား အသင်းသားတစ်ဦးက လက်ခံရယူခဲ့သည်။

ထို့နောက် အသင်းသား ၁၃၂ ဦးအား တစ်ဦးလျှင် အကျိုးဝေစု ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၂၈၀၀၀၀ ကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

# Let’s Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

## သပြေသီးကောက်

*ဝါဆိုဝါခေါင် ရေတွေကြီးလို့*
*သပြေသီးမှည့် ကောက်စို့ကွယ်။*
*ခရာဆူးချုံ ဟိုအထဲက*
*မျှော့နက်မည်းကြီး တွယ်တတ်တယ်။*
*မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့*
*မြွေနဂါးတောင် ကြောက်ဘူးကွယ်။*
*တို့လဲကြောက်ပေါင် အတူသွားစို့*
*အုန်းလက်နွားလေး ထားခဲ့မယ်။*
*သွားကွယ် သွားကွယ်။*

**ဆရာကြီး မင်းသုဝဏ်**

ဒီကဗျာကို ဆန်းစစ်ကြည့်ရင် ထူးခြားတဲ့အချက်တွေကို တွေ့ရပါတယ်။

ဒီကဗျာဟာ ကလေးငယ်တွေရဲ့ စကားပြောဟန်၊ စိတ်ကူးစိတ်သန်းတွေကို ရိုးရိုးရှင်းရှင်းနဲ့ လှလှပပ ဖော်ကျူးထားတာပါ။

မိုးရာသီရောက်လာတဲ့အချိန်မှာ ဖြစ်ပေါ်တတ်တဲ့ သဘာဝအခြေအနေတွေကို မြန်မာ့ရိုးရာဓလေ့ကို အခြေခံပြီး ဖော်ပြထားပါတယ်။

ပထမအပိုဒ် – ***“ဝါဆိုဝါခေါင် ရေတွေကြီးလို့”*** ဆိုတဲ့အတိုင်း မိုးရာသီမှာ ရေကြီးနေတဲ့အကြောင်း၊ ***“သပြေသီးမှည့် ကောက်စို့ကွယ်”*** လို့ဆိုပြီး ကလေးတွေရဲ့ သဘာဝအတိုင်း ဆော့ကစားချင်စိတ်ကို ဖော်ပြထားပါတယ်။ ဒါပေမဲ့ ***“ခရာဆူးချုံ ဟိုအထဲက မျှော့နက်မည်းကြီး တွယ်တတ်တယ်”*** လို့ ပြောခြင်းအားဖြင့် အန္တရာယ်ရှိတဲ့အကြောင်း သတိပေးထားပါတယ်။

ဒုတိယအပိုဒ် – ***“မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့”*** ဆိုတဲ့စာကြောင်းက ကလေးငယ်တွေရဲ့ မသိနားမလည်သေးတဲ့အပြင် အန္တရာယ်ကို သိပ်ဂရုမစိုက်ဘဲ အပြစ်ကင်းစင်တဲ့စိတ်ထား (ကလေးများ၏သတ္တိ) ကို ဖော်ပြနေပါတယ်။

သူငယ်ချင်းက ***“တို့လဲကြောက်ပေါင် အတူသွားစို့”*** လို့ပြောပြီး ***“အုန်းလက်နွားလေး ထားခဲ့မယ်”*** ဆိုတဲ့စာသားက ကစားစရာထက် ပိုစိတ်ဝင်စားစရာကောင်းတဲ့ အခြားကစားနည်းတစ်ခုကို သွားကစားချင်နေတဲ့ ကလေးငယ်ရဲ့စိတ်ကို ဖော်ညွှန်းနေပါတယ်။

ကဗျာမှာပါတဲ့ စကားလုံးတွေက ခက်ခဲနက်နဲခြင်းမရှိဘဲ ရိုးရိုးရှင်းရှင်းနဲ့ သဘာဝကျပါတယ်။ ကလေးငယ်တွေရဲ့ ပြောဆိုဟန်အတိုင်း ပုံဖော်ထားတာက ထင်ရှားပါတယ်။

စူးစမ်းချင်စိတ်နဲ့ အတူတကွ ပျော်ရွှင်စွာ ဆော့ကစားချင်တဲ့စိတ်ကို အပိုအလိုမရှိဘဲ ပီပြင်အောင် ရေးသားထားပါတယ်။ ***“မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့”*** ဆိုတဲ့စာကြောင်းက အကောင်းဆုံး ဥပမာတစ်ခုပါပဲ။

***“အုန်းလက်နွားလေး”*** ဆိုတဲ့ စကားလုံးဟာ မြန်မာ့ရိုးရာ ကလေးကစားစရာတစ်ခုဖြစ်ပြီး ဒီကဗျာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မြန်မာ့လူနေမှုဘဝကိုပါ တစ်စိတ်တစ်ပိုင်း ပုံရိပ်ထင်စေပါတယ်။

ကဗျာဟာ အသံထွက်ကောင်းပြီး စာကြောင်းရေတိုကာ ရွတ်ဆိုရလွယ်ကူတဲ့အတွက် ကလေးတွေအတွက် သင်ကြားပေးဖို့ရော၊ ရွတ်ဆိုဖို့ပါ သင့်လျော်ပါတယ်။



**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

ကဗျာဟာ သဘာဝကျပြီး မြန်မာ့ယဉ်ကျေးမှုနဲ့ ကလေးငယ်တွေရဲ့ စိတ်နေစိတ်ထားကို အတိအကျ ထင်ဟပ်ပြနိုင်တဲ့ လက်ရာကောင်းတစ်ခုလို့ သုံးသပ်နိုင်ပါတယ်။

ကဗျာဖော်ပြချက်ကို English ဝါကျတွေအဖြစ် ပြောင်းလဲကြည့်ကြရအောင်။

ကဗျာကို အင်္ဂလိပ်ဘာသာပြန်ဆိုတဲ့အခါ စကားလုံးတစ်လုံးချင်းစီကို တိုက်ရိုက်ပြန်ဆိုတာထက် ကဗျာရဲ့အနှစ်သာရနဲ့ ခံစားချက်ကို ထိမိအောင် ဘာသာပြန်တာက ပိုကောင်းပါတယ်။ အောက်မှာ ဖော်ပြထားတဲ့အတိုင်း အဓိပ္ပာယ်ကို နီးစပ်အောင် အင်္ဂလိပ်လို ပြန်ဆိုနိုင်ပါတယ်။

**During Waso and Wagoung months, the floods rise high,**
**Come, let’s go gather ripe Thabyay fruit.**
**From within that thorny Khaya bush,**
**Black leeches might cling to you.**
**Do those black leeches have horns?**
**I’m not even afraid of snakes or dragons.**
**I’m not scared either, let’s go together.**
**And leave our palm–leaf cow behind.**
**Let’s go, let’s go!**

Waso – ဝါဆို
Wagoung – ဝါခေါင်
Flood – ရေကြီးခြင်း
Ripe – မှည့်သော
Thabyay fruit – သပြေသီး
Thorny – ဆူးရှိသော
Khaya bush – ခရာဆူးချုံ
Leech – မျှော့
Cling – တွယ်ကပ်သည်
Horn – ချို
Snake – မြွေ
Dragon – နဂါး
Afraid – ကြောက်သည်
Palm–leaf – အုန်းလက်
Cow – နွား
Leave behind – ထားခဲ့သည်

**ဝါဆို •**

(Waso) the fourth month of the traditional Myanmar calendar, roughly corresponding with June–July.

**ဝါခေါင် •**

(Wagoung) the fifth month of the traditional Myanmar calendar, roughly corresponding with July–August.

See also

ခရာဆူး (Acanthus ilicifolius) သည် ချုံပုတ်ပင်အမျိုးအစား အပင်မျိုးစိတ်တစ်ခုဖြစ်ပြီး လမုတောများတွင် ပေါက်ရောက်လေ့ရှိသည်။

## စကားလုံးပိုနေသည့်အမှားများ

**လှသမိန်**

(၁၂-၈-၂၀၂၅ ရက်နေ့မှအဆက်)

၆

**အမှား။** ဗုဒ္ဓဘာသာသင်တန်းမှာ လူလတ်**တန်းပိုင်း**အတွက် ဖြစ်၏။
**အမှန်။** ဗုဒ္ဓဘာသာသင်တန်းမှာ လူလတ်**ပိုင်း**အတွက် ဖြစ်၏။
**ပြင်ဆင်ချက်။** (တန်း)နှင့် (ပိုင်း)မှာ အဓိပ္ပာယ်ဆင်တူဖြစ်သောကြောင့် စကားတူထပ်၍မနေစေရန်တစ်လုံးကို ဖြုတ်ပယ်ထားသည်။

၇

**အမှား။** မြန်မာလူမျိုး**အနေနှင့်** ပုဆိုးဝတ်လေ့ရှိသည်။
**အမှန်။** မြန်မာလူမျိုး**သည်** ပုဆိုးဝတ်လေ့ရှိသည်။
**ပြင်ဆင်ချက်။** (အနေနှင့်)သည် ကတ္တားပြပုဒ်မဟုတ်ပေ။ (အနေနှင့်)ကိုသုံးလျှင် သီးခြားကတ္တားပုဒ်တစ်ခုဖော်ရန် လိုပေဦးမည်။ မြန်မာလူမျိုးဖြစ်ပြီးလျက် (အနေနှင့်)ကိုသုံးရန်မလို၊ အဖြစ်အနေ၌ ထူးခြားသောအကြောင်းအရာကို ဖော်ပြရာ၌သာလိုသည်။

၈

**အမှား။** ဆရာညွှန်ကြားသည့် တစ်လမ်းတည်းအားဖြင့် ကျောင်းသားတို့သည် ညီညွတ်စွာ တစုတဝေးသွားကြကုန်၏။
**အမှန်။** ဆရာညွှန်ကြားသည့် တစ်လမ်းတည်းအားဖြင့် ကျောင်းသားတို့သည် ညီညွတ်စွာ တစုတဝေးသွားကုန်၏။
**ပြင်ဆင်ချက်။** သွားကြကုန်၏တွင်(ကြ)မှာ တသီးတခြားစီ၊ တစ်ယောက်စီ အသီးသီးခွဲ၍သွားသည်ကို ပြ၍၊ တစ်စုတည်းအနေဖြင့် သွားရာ၌(ကြ)ကို သုံးရန်မလိုပေ။

၉

**အမှား။** မလိုသည်ကို တင်သွင်းပါက နိုင်ငံခြားငွေ ထောင်လိုက်သောင်းလိုက်ချီ၍ ကုန်စရာရှိ၏။
**အမှန်။** မလိုသည်ကို တင်သွင်းပါက နိုင်ငံခြားငွေ ထောင်သောင်းချီ၍ ကုန်စရာရှိ၏။
**ပြင်ဆင်ချက်။** (ချီ၍)ကို သုံးလျှင် (လိုက်)ကို နှစ်လုံး သုံးစွဲရန် မလိုချေ။ လိုက်မပါဘဲလည်း အဓိပ္ပာယ်ပြည့်စုံလေသည်။

၁၀

**အမှား။** ကျောင်းသားများသည် အချင်းချင်းငြင်းခုံကြ၍ ရန်ဖြစ်ကြ၏။
**အမှန်။** ကျောင်းသားများသည် အချင်းချင်းငြင်းခုံ၍ ရန်ဖြစ်ကြ၏။
**ပြင်ဆင်ချက်။** ကြိယာနှစ်ခုပူးတွဲရာ၌ ရှေ့ကြိယာ၏ နောက်ဆက်ကြိယာထောက်မသုံးလျှင် ကြိယာဝိသေသနသဘောရောက်စေ၏။ (ကြ)ကို ထည့်သဖြင့် သီးခြားကြိယာနှစ်ခုဖြစ်ကာ၊ ငြင်းခုံကြခြင်းကတခြား၊ ရန်ဖြစ်ကြခြင်းတခြား၊ တစ်ခုပြီးတစ်ခု သို့မဟုတ် တစ်ခုပြီးမှ တစ်ခုဖြစ်သကဲ့သို့ ထင်စရာရှိ၏။ အကြောင်းအရာနှစ်ခု တစ်ပြိုင်တည်းကဲ့သို့ ဖြစ်သည်ကို ပြလိုလျှင် ရှေ့ကြိယာ၌ ကြိယာထောက်ကို သုံးရန်မလိုပေ။

၁၁

**အမှား။** မိန်းကလေးသည် ပျော်ပျော်ရွှင်ရွှင်နှင့် အေးအေးချမ်းချမ်း စာသင်နေ၏။
**အမှန်။** မိန်းကလေးသည် ပျော်ပျော်ရွှင်ရွှင်၊ အေးအေးချမ်းချမ်း စာသင်နေ၏။
**ပြင်ဆင်ချက်။** ကြိယာဝိသေသနများတွင် (နှင့်)ဆက်ရန်မလိုဘဲ၊ တစ်ဆက်တည်း သုံးစွဲနိုင်သည်။

**ဆရာကြီး လှသမိန်၏ “မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)” စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**

# ကင်းသာရေထိန်းတမံ ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် နုန်းတားတမံများ တည်ဆောက်ပြီးစီးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဩဂုတ် ၂၃ ရက်က နေပြည်တော်တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံသို့ သွားရောက်၍ ရေသိုလှောင်ထားရှိမှု ၊ တမံကြံ့ခိုင်မှုနှင့် နုန်းတားတမံများ တည်ဆောက်ပြီးစီးမှုနှင့် ယာယီနုန်းဖမ်းကဒစ်တန်း တည်ဆောက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေထိန်းတမံအတွင်း သဲနုန်းဝင်ရောက်မှု လျော့နည်းစေရေးနှင့် ဝင်ရောက်ပြီး သဲနုန်းများ ပြန်လည်ဖယ်ထုတ်နိုင်ရေး ဆွေးနွေးမှာကြားသည်။



၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်း၏ ထူးကဲမိုးရေချိန်များကြောင့် ကင်းသာရေထိန်းတမံ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်ရာ ရေလှောင်ဧရိယာအတွင်း သဲနုန်းပို့ချမှု လျော့ကျစေရေးအတွက် ရေစီးဝင်ချောင်းများဖြစ်သည့် ကျောက်ဆည်ချောင်းနှင့် ရေဝေချောင်းများ အပေါ်တွင် နုန်းတားတမံများ တည်ဆောက်ထားရှိသကဲ့သို့ သဲနုန်းများထပ်မံ၍ မဝင်ရောက်စေရေးအတွက် ယာယီနုန်းဖမ်းကဒစ်တန်း တည်ဆောက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကင်းသာရေထိန်းတမံရေပိုလွှဲနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ ကြံ့ခိုင်မှု၊ တမံရေဝေရေလဲဧရိယာနှင့် တမံအောက်ဘက်ပိုင်း ဧရိယာများတွင် မိုးရာသီကာလ သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါးနှင့် မိုးသီးနှံ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တမံနှင့် ရေပိုလွှဲ ဆက်စပ်ရေအား အဆောက်အအုံများအား စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးရန်နှင့် ရေလှောင်တမံများတွင် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက် (Emergenacy Preparedness Plan –EPP)ပါ လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ မိုးစပါးနှင့် မိုးသီးနှံလျာထားဧကပြည့်မီရေး ကြိုးစားဆောင်ရွက်ရန်ကိစ္စရပ်များကို တာဝန်ကျဝန်ထမ်းများအား ဆွေးနွေးမှာကြားသည်။

ကင်းသာရေထိန်းတမံအနေဖြင့် ယခုနှစ်မိုးရာသီကာလအတွင်း မိုးစပါးနှင့် မိုးသီးနှံ ဧက ၅၀၀ ကျော် လျာထားကာ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ ယနေ့အထိ မိုးစပါးနှင့် မိုးသီးနှံ ဧက ၃၅၀ ကျော် စိုက်ပျိုးပြီးစီးပြီးဖြစ်ရာ ကျန်စိုက်ဧကများကို စိုက်ပျိုးရေ ဆက်လက်ပေးဝေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့တော်၌ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး၊ အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် ပညာပေးခြင်းနှင့် သရုပ်ပြခြင်းတို့ကို အပတ်စဉ် ဆောင်ရွက်လျက်ရှိ

မန္တလေး ဩဂုတ် ၂၅

မန္တလေးမြို့တော်တွင် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး၊ အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် ပညာပေးခြင်းနှင့် သရုပ်ပြခြင်းအစီအစဉ်ကို အပတ်စဉ် တနင်္လာနေ့တိုင်း မန္တလေး ခြောက်မြို့နယ်ရှိဈေးများ၌ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က ပြောကြားသည်။



အဆိုပါ ပညာပေးခြင်းနှင့် သရုပ်ပြခြင်း အစီအစဉ်များကို မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနနှင့် သန့်ရှင်းရေးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြည်သူတွေအနေနဲ့ ပလတ်စတစ်သုံးစွဲမှုနဲ့ ပတ်သက်ပြီး ဆိုးကျိုးတွေကို အသိပညာရရှိစေဖို့နဲ့ လူတစ်ဦးတစ်ယောက်ချင်းစီက အသုံးပြုထွက်ရှိလာတဲ့ ပလတ်စတစ်အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ကြပြီး နောင်လာမယ့်မျိုးဆက်အတွက် သန့်ရှင်းတဲ့ ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ ဂေဟစနစ်ရရှိစေဖို့ ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ပလတ်စတစ် သုံးစွဲခြင်းအားဖြင့်လည်းကောင်း၊ ပလတ်စတစ်များကို စနစ်တကျစွန့်ပစ်ခြင်း မရှိပါကလည်းကောင်း မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် ရေမြောင်းပိတ်ဆို့ခြင်း၊ ရေထုညစ်ညမ်းစေခြင်းတို့ဖြစ်ပေါ်စေပြီး မီးရှို့ဖျက်ဆီးပါကလည်း ပတ်ဝန်းကျင် လေထုညစ်ညမ်းခြင်းနှင့် မိမိပတ်ဝန်းကျင်တွင် မြေဆီလွှာ ညစ်ညမ်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သဖြင့် စနစ်တကျ စွန့်ပစ်ကြရန်နှင့် အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ကြရန် လိုကြောင်း သိရသည်။

ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး၊ စနစ်တကျ စွန့်ပစ်ရေးနှင့် အမှိုက် ခွဲခြားစွန့်ပစ်ရေး သရုပ်ပြလှုပ်ရှားမှုကို မန္တလေး ခြောက်မြို့နယ် အတွင်းရှိဈေးများ၌ တနင်္လာနေ့တိုင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပလတ်စတစ် အစားထိုးအိတ်များ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျန်ရက်များတွင် အခြေခံကျောင်းများ၊ တက္ကသိုလ်များနှင့် ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

မြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနစုမှူး ဦးဝင်းထွန်းအောင်က "မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအနေနဲ့ မြို့တော်သန့်ရှင်းရမယ်၊ သာယာလှပရမယ်၊ မြို့နေ လူထုစိတ်ချမ်းသာရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ဈေးသုံးခုမှာ ဈေးဝယ်လာတဲ့ ပြည်သူတွေနဲ့ ဈေးဆိုင်ခန်းတွေမှာ ပညာပေး လက်ကမ်းစာစောင်နဲ့ ပလတ်စတစ် အစားထိုးသုံးစွဲတဲ့ အိတ် ၅၀၀ ကိုဖြန့်ဝေပေးခဲ့ပါတယ်" ဟု ပြောသည်။

ယခုကဲ့သို့ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး၊ စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ရေးတို့ကို မြေပြင်ကွင်းဆင်း၍ ပညာပေးခြင်း၊ ပလတ်စတစ် အစားထိုးအိတ်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်းစီမှ အများပြည်သူလိုက်နာဆောင်ရွက်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၈-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၅ | ၃၃၂၀ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၀၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၁၅ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၀ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၀ | ၂၆၁၀ | - | ၂၉၀၅ | ၂၆၂၅ | ၂၆၃၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၈၅ | ၂၉၄၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | ၄၈၃၀ | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |
| HSD (10 ppm) | ၃၀၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | - | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၉ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၃၈၃ | ၂၄၆၀ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၅၉ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုအဆင့်မှ ထွက်ခဲ့ရ

ရန်ကုန် ဩဂုတ် ၂၅

၂၀၂၅ အာဆီယံ ယူ–၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၂၅ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်ကို အနိမ့်ဆုံးသရေကစားနိုင်ပါက အကောင်းဆုံးအုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ခွင့်ရမည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲများကို သုံးသင်းသုံးအုပ်စုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်းလေးသင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခြင်းဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု (ခ) တွင် ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု (ဂ) တွင် ဩစတြေးလျအသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ အကောင်းဆုံးအုပ်စုဒုတိယနေရာအတွက် တွက်ချက်ရာတွင် အုပ်စု (က) တွင် မလေးရှား၊ အုပ်စု (ခ) တွင် မြန်မာ၊ အုပ်စု (ဂ) တွင် ထိုင်းအသင်းတို့ သုံးမှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ထိုင်းအသင်းက အကောင်းဆုံးအုပ်စု ဒုတိယနေရာရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့သည်။

**ရှိုင်းထက်ဇော်**




## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အထက (ရေတာရှည်) ကျောင်း G- 12 တွင် ပညာသင်ကြားနေသော မောင်ရဲထက်အောင် ၏ ဖခင်အမည်မှန်မှာ ဦးတင်လှ [၇/ရတရ(နိုင်)၁၅၀၁၈၈]ဖြစ်ပါကြောင်း။

**ဦးတင်လှ**
**[၇/ရတရ(နိုင်)၁၅၀၁၈၈]**

## သွေးသည်အသက်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၈၅၊ မြေကွက်အမှတ်-၁၀၂၅၊ အကျယ် (၄၀'x၆၀') အနက် ခြေရင်းခြမ်း၊ (လမ်းမှမြေကွက်အားမျက်နှာမူလျှင်(ဝဲ)ဘက်ခြမ်း)၊ အကျယ် (၂၀'x ၆၀')၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၀၂၅)၊ မလိခ(၁)လမ်း၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် ဦးတင်ရွှေ(CI-၀၀၈၅၃၆)အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးတင်မိုး[၈/မဘန(နိုင်)၀၈၇၂၁၈]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးနေလင်းထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၅၀၉၅၅)**

**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၄)**

**အမှတ်(၅၁)၊ ပထမထပ်(ဝဲ)၊ ၃၈-လမ်း (ကမ်းနားဘလောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဦးဇော်လင်းဦးနှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ပျဉ်းပင်ကန်ရပ်ကွက်၊ အတွင်းလမ်းတွင်နေထိုင်သူ ဒေါ်ခင်ချိုဦး [၇/ပတတ(နိုင်)၁၀၅၀၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဇော်လင်းဦး(ဘ)ဦးလူအေး [၇/ပမန(နိုင်) ၃၄၄၈၄၇]သည် ဇနီးမယားအား ရှာဖွေကျွေးမွေးခြင်းမရှိ စွန့်ပစ်ထားကြောင်း၊ အိမ်ထောင်တာဝန်ဦးဆောင်ဆောင်ရွက်ခြင်းမရှိခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်သော အပြုအမူအပြောအဆိုများစသည့် အိမ်ထောင်ရေးကြီးလေးသော ရက်စက်မှုများစွာ ကျူးလွန်ခဲ့သောကြောင့် (၁၃-၈-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးရန် အကြောင်းကြား အသိပေးခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ကြေညာအသိပေးခဲ့သည့်အပြင် ထိုကြေညာချက်နှင့်ပတ်သက်၍ အမျိုးမျိုးဆက်သွယ်အသိပေးဆောင်ရွက်ခဲ့ပါသော်လည်း လစ်လျူရှု၍ ယနေ့ချိန်ထိ ပြန်လည်ဆက်သွယ်ခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ဆက်လက်ပေါင်းသင်းလိုစိတ် ဆန္ဒမရှိသောကြောင့် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးရန် အကြောင်းကြားအသိပေးဆောင်ရွက်ခဲ့ပါသော်လည်း ပြန်လည်ဆက်သွယ်ခဲ့ခြင်းမရှိသောကြောင့် ယနေ့ကြေညာချက်ပါသည့်နေ့မှစ၍ ဒေါ်ခင်ချိုဦး၏ ကိုယ်ရေးကိုယ်တာ၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့မှာ ဦးဇော်လင်းဦးနှင့် လုံးဝ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချိုဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိသဇင်မြင့် (LL.B,D.B.L,D.Eng)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၂၇)**
**(၇)လမ်းနှင့်ကိုင်းတန်းလမ်းကြား၊ အနော်ရထာလမ်းမကြီး၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၈၂၂၅၅၁၄၆**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ တရုပ်ကောကျေးရွာအုပ်စု၊ သဖန်းကုန်းကျေးရွာနေ ဦးစိန်လှိုင်၏သား မောင်မင်းမင်းသူ [၈/တတက(နိုင်)၂၁၇၆၁၄]၏ နိုင်ငံကူးလက်မှတ် အမှတ်(MG-815535)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၄၇၅၀၉၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မြို့မတောင်ရပ်၊ မြေဧရိယာ(၀.၁၁၀ ဧက)ရှိ မြေကွက်အမှတ်(ပ-၂၀၄၀၉) အမည်ပေါက် ဦးမျိုးမြင့်အောင် (ဘ)ဦးငွေသန်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ [၁၂/မဘန(နိုင်)၀၃၈၉၂၈]မှ ဒေါ်အေးမြသင်း(ဘ)ဦးမောင်မောင်အေး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ [၁၄/မမန(နိုင်)၁၉၂၉၅၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

❖ **အာရှအမျိုးသမီးမှ**

စာချုပ်ဖြင့် အငှားခေါ်ယူအသုံးပြုနေသောကြောင့် ပြိုင်ဘက်အသင်းထက် ခြေစွမ်းပိုင်း သိသိသာသာ အသာရကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံအသင်းသည် ခင်မာလာထွန်း၊ ဇူးလတ်နဒီ (ဂိုး)၊ မိုးမမစိုး၊ ဖြူဖွေး၊ ဖြူဖြူဝင်း၊ လင်းမြင့်မိုရ်၊ ရွှေရည်ထွန်း၊ လင်းလဲ့ဦး၊ ယဉ်လွန်းအိမ်၊ ဟေမာန်စိုး၊ မေထက်လူတို့ဖြင့် ပွဲထွက်လာပြီး ပွဲအစ ငါးမိနစ်မှာပင် ပြိုင်ဘက်ကစားသမား ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် အဖွင့်ဂိုးရခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် အား/ကာသိပ္ပံအသင်းက ဆက်တိုက်ဖိကစားလာပြီး ၈ မိနစ်တွင် ယဉ်လွန်းအိမ်၊ ၁၂ မိနစ်တွင် မေထက်လူ၊ ၁၆ မိနစ်တွင် လင်းမြင့်မိုရ်၊ ၁၈၊ ၃၀ မိနစ်တွင် ဖြူဖြူဝင်း၊ ၄၄ မိနစ်တွင် ရွှေရည်ထွန်းတို့က ဂိုးများထပ်မံသွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် ခုနစ်ဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်းက ကစားသမားများပြောင်းလဲခဲ့ပြီး ပွဲပြီးခါနီးတွင် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၈၇ မိနစ်တွင် စန်းသော်သော်နှင့် ၈၉ မိနစ်တွင် မိုးမိုးသန်းတို့က သွင်းယူခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် အုပ်စု (က) တွင် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်း၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်း၊ ဂူအမ်ကလပ် Strykers အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၂၈ ရက်တွင် မွန်ဂိုလီးယားကလပ် Khovd Western အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

◆ **ကျောဖုံးမှ**

နည်းပြအလွန်ဆိုရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ တိုက်စစ်မှူး ဗီနီစီးယပ်ဂျူနီယာကို ပွဲထွက်ကစားသမားအဖြစ်မှ ချန်လှပ်ကာ အသက် ၁၈ နှစ်အရွယ်ရှိ ဖရန်ကိုမာစတန်တူအိုနိုကို တိုက်စစ်ပိုင်းအတွက် စတင်အသုံးပြုခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အိုဗီအီဒိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ်နှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ဘာစီလိုနာအသင်း၊ ဗီလာရီးယဲလ်အသင်းတို့နဲ့အတူ ရမှတ် ခြောက်မှတ်ရရှိခဲ့ပြီး လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာ ဖြစ်ပါတယ်။

အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာတော့ ဗီလာရီးယဲလ်အသင်းက ဂျီရိုနာအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ အက်စ်ပန်ညိုအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ပန်းတနော်မြို့နယ် မင်းတစုကျေးရွာရှိ သမိုင်းဝင်ကျိုက္ခနိမ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနား ကျင်းပ

ပန်းတနော် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မင်းတစုကျေးရွာရှိ သမိုင်းဝင် ကျိုက္ခနိမ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် မြန်မာ့ရိုးရာ (၅) တက်လှေပြိုင်ပွဲနှင့် စက်တပ်ရေယာဉ် (ရှိုးနှင့်ဖား) ပြိုင်ပွဲ ထည့်သွင်းကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘုရားဖူးပြည်သူများက ကြည့်ရှုအားပေးကြသည်။ အဆိုပါ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ရိုးရာလှေပြိုင်ပွဲ၊ စက်တပ်ရေယာဉ် (ရှိုးနှင့်ဖား) ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲများနှင့် ညပိုင်းတွင် ဆိုင်းပွဲ၊ အငြိမ့်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ **တိုင်ဖွန်းမုန်တိုင်းမှ**
**သတိပေးနှိုးဆော်ချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"၏ အရှိန်ကြောင့် ယနေ့ညမှ ဩဂုတ် ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ" ၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့်ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**






## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁ /၂၀၂၅)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ပါအတိုင်းအိတ်ဖွင့် တင်ဒါခေါ်ယူအပ်ပါသည်-

(က)Lot – 1 Computer ဆက်စပ်ပစ္စည်းများ (RAM,SSD, M2 NVME SSD)ဝယ်ယူခြင်း။

(ခ) Lot –2 ဘဏ်ခွဲ(၂၅)ခုတွင် Biometric စနစ်ဖြင့် Customer အချက်အလက်များ တိုက်ဆိုင် စစ်ဆေးနိုင်ရန်အတွက် Biometric Device များ ဝယ်ယူခြင်းနှင့် Software ရေးဆွဲတပ်ဆင်ခြင်း ၊ Customer ID Smart Card ပြုလုပ်ခြင်း။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၆ – ၈–၂၀၂၅ ရက် မှ ၈–၉–၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - ၁၅ – ၉ –၂၀၂၅ ရက် ညနေ ၁၆ : ၀၀ နာရီအထိ၊ (ရုံးချိန်အတွင်း)

၄။ တင်ဒါဖွင့်လှစ်မည့်ရက် - တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသို့ဆက်သွယ်အကြောင်းကြားပါမည်။

၅။ တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်(ရုံးချုပ်)အမှတ်၂၆/ ၄၂၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက - မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်(ရုံးချုပ်)၊ စီမံ (ပစ္စည်း ဌာန)၊ ဖုန်း-၀၁၈-၃၈၁၅၃၀၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ ဖုန်း ၀၁၈- ၂၅၃၁၇၅ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ရွှေဖူးမျှော်လမ်း၊ မြေတိုင်းအမှတ်(၁)၊ အမှတ်(၁၁၅/က+ခ)၊ (၂၅'x၅၀')၊ နှစ်(၆၀)ဂရန်မြေပေါ်တွင် ကန်ထရိုက်တာဦးကျော်သိန်း [၁၃/တကန(နိုင်)၁၁၄၇၉၂] ထံမှ (၂)ခန်းတွဲ(၆)ထပ်တိုက် (ပ)ထပ် ခေါင်းရင်းခန်း(၁၁ ၁/၂ 'x၅၀') အား ကျွန်ုပ်ဦးသိန်းတန်မှ အပြီးအပိုင် ဝယ်ယူရန် ကြိုတင်ငွေပေး စနစ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသ ကို(၂၄-၈-၂၀၂၅)နေ့ ပေးချေပြီးဖြစ်သောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**ဦးသိန်းတန်**
**[၁၂/တမန(နိုင်)၀၃၄၉၂၉]**
**ဖုန်း-၀၉-၄၃၂၀၈၃၈၂**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၈၆

၁။ဦးပီရူးမာမက် နှင့် ဦးကျော်မြင့်
၂။ဦးဝင်းလှိုင်
၃။ဦးဝင်းနိုင်(၎င်းတို့ကိုယ်တိုင်နှင့်
ဦးနိုင်နာမာမက်၏
တရားဝင်ကိုယ်စားလှယ်များ)
**(အယူခံတရားလိုများ) (အယူခံတရားပြိုင်)**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ သန်လျင်ခရိုင်တရားရုံး၊ တရားမ ကြီးမှုအမှတ် ၂၉/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၂၁)နေ အယူခံတရားပြိုင် ဦးကျော်မြင့်(၎င်း၏အခွင့်ရကိုယ်စား လှယ်ဦးဘိုဘိုဦး) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် သန်လျင်ခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆို လိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ( ၁၄ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မိုးသင်းအောင် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ သဒ္ဒါ လမ်း၊ မြေကွက်အမှတ်-၄၅၇/က၊ အကျယ်အဝန်း (အလျား ၂၀ပေxအနံ၆၀ပေ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ဝါဝါ ဦး[၁၂/ လမတ(နိုင်)၀၃၀၉၆၄] အမည်ပေါက်ပြီး ယင်းနှစ်(၆၀)မြေငှား ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခု လက်ဝယ်ရှိပိုင်ဆိုင် ကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သက်သက်မွန် (LL.B, LL.M, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၀၁၃)**
**အမှတ်(၅၅၇/၅၆၇)၊အခန်း(၉၀၂)၊ ၉-လွှာ၊ MAC Tower, မဟာဗန္ဓုလပန်းခြံ လမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-795492660, 09-685455584**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၁၂)၊ ၄-လွှာ(B)၊အကျယ်အဝန်း (၁၂ ၁/၂ ပေx ၅၀ပေ)ရှိ ရေ၊ မီးအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကိုဝင်းထက် အောင် [၁၂/ကတတ(နိုင်) ၀၃၀၅၈၀]မှ ၎င်းတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးတင်မျိုးအောင်[၁၂/ပဇတ(နိုင်)၀၀၄၃၉၆]မှ ဝယ်ယူရန် စရန်ငွေ တချို့ကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နီနီအောင် (L.L.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၁၉၁၅၂) (၁၁-၄-၂၀၂၄)**
**အမှတ်(၆)၊ ဒေါနလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉-၄၂၀၁၂၄၄၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ အောင်သီတာ လမ်း၊ မြေကွက်အမှတ် သောင်ကြီး၊ ၂/၉၉၄ (က)တွင် တည်ရှိသော (၂၀x၆၀)ပေ ပါမစ်မြေအကျယ်ရှိ အိမ်နှင့်မြေအကျိုးခံစားခွင့်အရပ်ရပ်အား အဆက်အစပ် စာချုပ်များဖြင့် တရားဝင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိ ကြောင်း ဝန်ခံပြောဆိုသူ ဦးအေးကျော် [၇/ဒဥန(နိုင်)၀၀၁၀၁၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းမောင် [၁၂/တမန(နိုင်)၀၈၄၄၄၈]မှ အပြီးအပိုင် ဝယ်ယူရန် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေနှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းအိသူသူဟန် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၃၈၁)**
**အမှတ်(၇၀)၊ မှန်ခန်း၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-43029597**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်(၁၉)၊ အခန်း(၄၄)ဟုခေါ်တွင်သော သက်ဆိုင်ရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမျိုးခိုင် [၁၂/ဗဟန(နိုင်) ၀၄၇၉၃၉]နှင့် ဒေါ်ခင်မျိုးသဇင် [၁၂/ဗဟန(နိုင်)၀၄၇၆၅၁]တို့မှ အမည်ပေါက် လျက်ရှိသော တိုက်ခန်း(၁)ခန်းအား ၎င်းတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်မိတ်ဆွေများ ဖြစ်ကြသော ဦးအောင်ကိုမင်း [၁၂/ ဗဟန(နိုင်)၀၇၇၃၆၅]နှင့် ၎င်း၏ဇနီး ဖြစ်သူ ဒေါ်အေးပပမောင် [၉/ပမန(နိုင်)၁၂၆၃၇၃]တို့မှ ဝယ်ယူရန် သဘော တူညီလျက် စရန်ငွေအချို့တစ်ဝက်ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် ထံသို့ အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိ ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးသက်ပိုင်ထူး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၉၇)**
**အမှတ် (၄၅၄/က)၊ အောင်မင်းခေါင်(၄)လမ်း၊ (၇)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်၊ ရုံးဖုန်း-၀၉-၄၂၂၄၅၇၅၂၉**

## ဒေါ်နော်ရှသ်[၁၂/ကမတ(နိုင်)၀၁၉၂၅၅]နှင့်
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်( သကမ-၁၇)၊ လူနေရပ်ကွက်အမှတ်-၂၀၊ ဝေပုလ္လလမ်း၊ မြေကွက် အမှတ်-(၃၈၉/က)ဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ်မြေကွက်နှင့် မြေကွက် အမှတ်-(၃၈၉/ခ)ဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ်ရှိ မြေကွက်တို့အား ဂရန်အမည်ပေါက်ဖြစ်သည့် ဒေါ်နော်ရှသ်[၁၂/ကမတ(နိုင်)၀၁၉၂၅၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းသူ[၁၂/ကခက(နိုင်)၁၀၁၄၁၆]က (၃၁- ၇-၂၀၂၁)ရက်နေ့ကတည်းက အပြီးအပိုင် ဝယ်ယူလက်ရှိထားပိုင်ဆိုင်လျက်ရှိ ပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းသူမှ မိမိဝယ်ယူထား သည့် အဆိုပါ မြေကွက်များအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ် ဆိုရန်နှင့် ဂရန်အမည်ပေါက်လျှောက်ထားရန် လိုအပ်လျက်ရှိနေသည့်အတွက် ဒေါ်နော်ရှသ် အနေဖြင့် ဤကြေညာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဦးအေးမင်းသူထံသို့ဖြစ်စေ အမြန်ဆုံးဆက်သွယ်ပေးပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်နော်ရှသ် နှင့်တကွ အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအေးမင်းသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၀၀၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း -၀၉-၄၄၈၀၀၈၇၁၆**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
## ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ပါသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး ပေးအပ်မည့်ဘွဲ့များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ)
B.BSc (Regional Development)

(ခ) စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာ)
B.BSc (Accounting and Finance)

(ဂ) စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချစာရင်းအင်းပညာ)
B.BSc (Applied Statistics)

(ဃ) စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ)
B.BSc (Marketing Management)

(င) စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)
B.BSc (Social Enterprise Management)

၂။ ဘွဲ့အတွက်သင်တန်းကာလမှာ (၄)နှစ် ဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းများသို့လျှောက်ထားသူများသည် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူ (မည်သည့်ဘာသာတွဲမဆို) ဖြစ်ရမည်။

၄။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ လျှောက်ထားသူများအနက် လက်ခံနိုင်မည့် လူဦးရေ သတ်မှတ်ချက်အရ တက္ကသိုလ်ဝင် စာမေးပွဲရမှတ်အပေါ်မူတည်၍ ရမှတ်အများအနည်း အလိုက် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ
(ခ) အမှတ်စာရင်းမူရင်း
(ဂ) ပတ်စပို့စ်ဆိုဒ်(1.3"x1.1") ဓာတ်ပုံ-၄ပုံ
(ဃ) လျှောက်ထားသူနှင့် ၎င်း၏ မိဘ(၂)ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

၆။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ၏ ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာ ပုံစံကို ၂၈-၈-၂၀၂၅ (ကြာသပတေးနေ့)မှ စတင်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန Website https://www.mcrd.gov.mm နှင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) Website https://www.ucmt.edu.mm တို့မှ Download ရယူ၍လည်းကောင်း၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ သင်တန်းရေးရာဌာနမှလည်းကောင်းရယူ၍ စာတိုက်မှဖြစ်စေ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများ၏ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှတစ်ဆင့်ပေးပို့၍ဖြစ်စေ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ သင်တန်း ရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ စာရွက်စာတမ်း အပြည့်အစုံဖြင့် လျှောက်ထားရမည်။

၇။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ပထမနှစ်သင်တန်းဝင်ခွင့် လျှောက်ထားခြင်းကို ၂၈-၈-၂၀၂၅ (ကြာသပတေးနေ့)မှ ၁၇-၁၀-၂၀၂၅ (သောကြာနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၈။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်း မရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ တက္ကသိုလ်ဝင်ခွင့် ရရှိသူများကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကြေညာသွားမည်ဖြစ်ပြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန Website https:// www.mcrd.gov.mm နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(သန်လျင်) Website https:// www.ucmt.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၁၀။ ဝင်ခွင့်လျှောက်လွှာများကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ သန်လျင်မြို့သို့ တိုက်ရိုက်လျှောက်ထား ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၉၅၃၀၀၁၅၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

**စုစုပေါင်းရမှတ်-----------**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
**ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာ**
(၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်)

ဓာတ်ပုံကပ်ရန် (1.3"x1.1")

| | ကျောင်းသား/ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး | | | |
| ၄။ ကိုးကွယ်သည့်ဘာသာ | | | |
| ၅။ မွေးသက္ကရာဇ် | | | |

(တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တောင်းစဉ်အတိုင်း)

| | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| ၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန | | |
| ၇။ မိဘနေရပ်လိပ်စာနှင့်ဖုန်းနံပါတ် | | |

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ် ----------------------------------
၉။ ပတ်စပို့စ်ဆိုဒ်(1.3"x1.1") ဓာတ်ပုံသုံးပုံပူးတွဲတင်ပြရန်
၁၀။ အောင်မြင်ခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ရမှတ်များ
အောင်မြင်ခဲ့သည့်ဘာသာတွဲ (………… တွဲ)

| သင်ယူခဲ့သည့်ဘာသာရပ်များ | စာမေးပွဲရမှတ် |
|---|---|
| မြန်မာစာ | |
| အင်္ဂလိပ်စာ | |
| သင်္ချာ | |
| | |
| | |
| | |
| **စုစုပေါင်းရမှတ်** | |

ခုံအမှတ်--------------------
ခုနှစ်--------------------
စာစစ်ဌာန --------------------
မြို့နယ် --------------------
ပြည်နယ်/တိုင်းဒေသကြီး --------------------

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

| **မိဘ/အုပ်ထိန်းသူလက်မှတ်** | | **လျှောက်ထားသူ** | |
|---|---|---|---|
| လက်မှတ် | ---------------------------- | လက်မှတ် | ---------------------------- |
| အမည် | ---------------------------- | အမည် | ---------------------------- |
| ရက်စွဲ | ---------------------------- | ရက်စွဲ | ---------------------------- |

## ပတ်စ်ပို့ပျောက်

(ဘ) ဦးတင်ဝင်း၏ သား ဦးဝင်းဌေး [၁၂/ဒဂမ(နိုင်) ၀၃၈၉၇၃]၏နိုင်ငံကူးလက်မှတ်- MG-992095 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၇၂၁၇၉၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ (၁၀/တောင်)အိမ်ရာ၊ တိုက်အမှတ်(၉၁)၊ အခန်းအမှတ်(၁၀၁)၏ အမည်ပေါက် ဦးအောင်တင်+၁ [၁၂/သကတ(နိုင်)၀၆၁၀၄၁]မှ စာချုပ်စာတမ်းဖြင့် အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသူ ဒေါ်ခင်ဆွေ[၁၂/သကတ(နိုင်)၀၆၁၀၄၂] သို့ တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂) ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)
## “အလုပ်ရုံစက်ပြင်များအတွက် လျှပ်စစ်သုံးယာဉ်နည်းပညာဆိုင်ရာသင်တန်း(၂/၂၀၂၅)” အတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) EV မော်တော်ယာဉ် နည်းပညာများဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းနိုင်ရန် အလုပ်ရုံစက်ပြင်များအတွက် လျှပ်စစ်သုံးယာဉ် နည်းပညာဆိုင်ရာသင်တန်း (၂/၂၀၂၅)အတွက် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

(၂) လျှောက်ထားသူသည်–
- (က) နည်းပညာနှင့်သက်မွေးပညာ လုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းများအား အမှန်တကယ် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- (ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနမှ G.T.H.S (AT,ET,EcT), I.T.C (AT), A.G.T.I, B.Tech, B.E, M.E, Ph.D (Mech, EP, EC, MC) ဘွဲ့ရဝန်ထမ်းများ၊ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေသော ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းများမှ ဝန်ထမ်းများ၊ အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် တက်ရောက်ဖူးသူများ လျှောက်ထားနိုင်သည်။

(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးပါမည်။

(၄) သင်တန်းကာလ(၅)ရက်ကို ပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ်(Certificate) ရရှိပါမည်။

(၅) လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်–
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာ(မူရင်း)။
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော ပညာအရည်အချင်း အထောက်အထား (မိတ္တူ)။
- (ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။
- (င) သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ (မူရင်း)။
- (စ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃) ပုံ။

| | | |
|---|---|---|
| ဖွင့်လှစ်မည့်သင်တန်း | – | အလုပ်ရုံစက်ပြင်များအတွက် လျှပ်စစ်သုံးယာဉ်နည်းပညာဆိုင်ရာသင်တန်း (၂/၂၀၂၅ EV Technical Training for Workshop Mechanics (2/2025) |
| ဖွင့်လှစ်မည့်နေ့ရက် | – | (၈–၉–၂၀၂၅) ရက်နေ့မှ (၁၂–၉–၂၀၂၅) ရက်နေ့အထိ (၅) ရက်၊ (၃၀)နာရီ |
| ဖွင့်လှစ်မည့်အချိန် | – | နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) နာရီအထိ (တနင်္လာမှ သောကြာ) |
| ဖွင့်လှစ်မည့်နေရာ | – | အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၊ မင်းကြီးလမ်းနှင့်အောက်မင်္ဂလာဒုံလမ်းထောင့်၊ ပြည်တော်သာမှတ်တိုင်ရှေ့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လက်ခံနိုင်မည့် သင်တန်းသားဦးရေ | – | (၂၅) ဦး |
| ဆက်သွယ်စုံစမ်းရန်ဖုန်း | – | ၀၉–၄၄၃၉၇၃၆၀၆ |

[လျှောက်ထားခြင်းကို (၂၆–၈–၂၀၂၅) ရက်နေ့မှ (၃–၉–၂၀၂၅) ရက်နေ့အထိ နံနက် (၉:၃၀) နာရီမှ ညနေ (၄:၀၀) နာရီအတွင်း လျှောက်ထားနိုင်ပါသည်။]

**မှတ်ချက်။ အစိုးရရုံးပိတ်ရက်များပိတ်မည်ဖြစ်ပါသည်။**

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း (၇)၊ (၈)ရပ်ကွက်၊ ဗိုလ်လရောင်(၂)လမ်း၊ အမှတ်(၈၃/က)ဟုခေါ်တွင်သော ဂရန်မြေအကျယ်အဝန်း ဧရိယာ(၂၀x၆၀)ပေအနက်မှ(၁၀x၆၀)ပေအကျယ်ရှိ (ခေါင်းရင်းခြမ်း) ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးတင်ဝင်းအောင် [၁၂/အစန(နိုင်)၁၀၀၄၆၃]မှ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝင်း [၁၂/ရပသ(နိုင်)၀၄၈၇၁၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောနှင်းအေး**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၅၅၁၂)(၂၇–၆–၂၀၁၉)**
**အမှတ်(၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း– ၀၉–၇၇၉၆၉၂၇၀၄၊ ၀၉–၄၄၃၀၉၁၈၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာ–၈ ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၁၃၂၃A)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေအား ဒေါ်သန်းသန်းမြင့်နှင့် ဒေါ်ရွှေအိမ်လင်းတို့မှ မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းအမှတ်(၅)ရပ်ကွက်၊ ပင်းယ(၁၀) လမ်း၊ မြေကွက်အမှတ်(၂၂၆)တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ဒုတိယထပ်၊ (၃)လွှာ၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း အလျားxအနံ(၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကေခိုင်ဦး[၁၂/ဥကတ(နိုင်)၁၃၀၇၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက်[၁၂/ရကန(နိုင်)၀၃၁၆၈၁]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း – ၀၉–၅၁၃၁၂၀၃ ၊ ၀၉–၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၃၇)ရပ်ကွက်၊ သဒ္ဒါလမ်း၊ မြေကွက်အမှတ်(၁၀၁၁)ဟုခေါ်တွင်သောမြေအကျယ်အဝန်း–အလျားxအနံ (၄၀ပေx၆၀ပေ)ရှိ ဒေါ်ကြည်ကြည်လွင် [၁၂/ဗတထ(နိုင်)၀၁၄၀၁၄] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိပပအောင် [၁၂/ဥကတ(နိုင်)၁၆၃၅၇၈]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း – ၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ ခြံအမှတ်(၅၆/က)မှ တစ်စိတ်တစ်ပိုင်း ပိုင်းခြားထားသော ရှေ့မျက်နှာအလျား (၄၂)ပေ x ရှေ့နောက်အနံ (၇၆)ပေ အကျယ်အဝန်းရှိသည့် မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အခန်း(၁၁)ခန်းပါဝင်သည့် (၃)ထပ်တိုက်အဆောက်အဦနှင့် အဆိုပါ (၃)ထပ်တိုက်အဆောက်အဦတွင် ဖွင့်လှစ်ထားသည့် **BAHO ROAD MOTEL** လုပ်ငန်းတို့ကို ဒေါ်ဥမ္မာသန်းက ပိုင်ဆိုင်ခဲ့ပြီး **BAHO ROAD MOTEL** လုပ်ငန်းကို တရားဝင်လိုင်စင်ဖြင့် ဒေါ်ဥမ္မာသန်းက လုပ်ငန်းရှင်အမည်ပေါက်ပိုင်ဆိုင်လုပ်ကိုင်ခဲ့ပါသည်။ ဒေါ်ဥမ္မာသန်း ကွယ်လွန်သည့်အခါတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသန်းခိုင်မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ထိုသို့ ဦးသန်းခိုင်မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီးနောက် တစ်ဦးတည်းသောသမီးဖြစ်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆုဝေရည်သန်းအား အထက်ဖော်ပြပါ ပိုင်ဆိုင်မှုများနှင့် **BAHO ROAD MOTEL** လုပ်ငန်းကို မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ **BAHO ROAD MOTEL** လုပ်ငန်းလိုင်စင်တွင် လုပ်ငန်းရှင်အမည်အား ဒေါ်ဆုဝေရည်သန်းအမည်ဖြင့် ပြောင်းလဲပြင်ဆင်ခြင်း ပြုလုပ်လျှောက်ထားမည်ဖြစ်ပါသောကြောင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ **BAHO ROAD MOTEL** လုပ်ငန်းလိုင်စင်တွင် လုပ်ငန်းရှင်အမည်ပြောင်းလဲခြင်းကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုဝေရည်သန်း၏ ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကျော်ဝင်းဦး (LL.B)** | **ဦးမျိုးဇေယျာဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၉၈)** | **အထက်တန်းရှေ့နေ (စဉ်–၅၁၇၄၈)** |

**အမှတ်–၉/၁၁၊ ၀၀၃–ဘီ (မြေညီ)၊ ၃၆–လမ်း၊ (လမ်းတို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၅၂၆၀၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၇) ရပ်ကွက်၊ အောင်ဇမ္ဗူလမ်း၊ အမှတ်–၁၄၆၄ နေ ဦးဟန်ဝင်း (ခ)ဦးဟန်ဝင်းအောင် [၆/ကသန(နိုင်)၀၀၃၈၇၂]နှင့် ဒေါ်ညွှန့်ညွှန့်ထွန်း[၁၂/ဥကမ(နိုင်)၁၅၆၉၂၂] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေများ၏ သမီးဖြစ်သူ မချစ်စနိုး [၁၂/ဒဂတ(နိုင်)၁၃၉၀၅၈]သည် မိဘနှင့် မောင်နှမများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ခွင့်မလွှတ်နိုင်သော အပြုအမူများကို ပြုလုပ်ကာ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားကြောင်း ကျွန်ုပ်မှ ကြားသိရပါသည်။

သို့ဖြစ်ပါ၍ မချစ်စနိုးအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် မချစ်စနိုးနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးဟန်ဝင်း(ခ)ဦးဟန်ဝင်းအောင်နှင့် ဒေါ်ညွှန့်ညွှန့်ထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ မချစ်စနိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုဝေမြင့်**
**LL.B, D.B.L, D.I.L, D.M.L, D.I.R, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၄၉၉)**
**L–2 ၊ R–3၊ ဝါးတန်းလမ်း၊ (၉) ရပ်ကွက်၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09–5193578**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ မြေကွက်အမှတ်(၂၈၂)၊ (၄၀ x ၆၀) ပေရှိ ဦးမြင့်ဇော် (A/RGN–၀၁၂၄၆၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမာ [၁၀/မဒန(နိုင်)၀၁၃၆၅၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းနိုင် [၁၁/မအန(နိုင်)၀၃၅၁၈၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်ဇေယျာထွန်း (LL.B)** | **ဦးမိုးဆက် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၇၂၁၃)** | **အထက်တန်းရှေ့နေ (စဉ်–၂၉၄၂၆)** |

**အမှတ် (၁)၊ Shop House အိမ်ရာ၊ (၉၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉– ၄၂၀၀၄၄၀၃၂၊ ၀၉– ၇၆၄၂၄၄၀၃၂**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ ကံကြီးလမ်းနေ ဦးမြင့်အောင် [၇/ဇကန(နိုင်)၀၀၄၀၄၃]၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉–၁၂–၁၉၆၃) ဖြစ်ပါသည်။

**ဦးမြင့်အောင်**
**[၇/ဇကန(နိုင်)၀၀၄၀၄၃]**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ယမုံနာလမ်း၊ အမှတ်(၂၂)၊ ပထမထပ်နေ ဦးအောင်မျိုးဦး၊ ဒေါ်မြရည်မွန်တို့၏ သမီး၊ Knowledge Box Technology Complex (KBTC) IGCSE O' Level မှ မအေးသီရိစံအား “မမေသက်ကို” ဟု ပြောင်းလဲခေါ်ပါရန်။

## “မြေကွက်” ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိမွန်စိုး [၈/ခမန(နိုင်)၁၇၈၇၃၀] သည် **“ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဝိဇ္ဇာညီနောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၇/၃၄)၊ မြေကွက်အမှတ်(၁၄၃၈/ခ)ဟုခေါ်တွင်သော အကျယ်(၂၀x၆၀)ပေရှိ မြေကွက်(၁)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး”**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော “ဒေါ်အေးရီ [၁၀/မဒန(နိုင်)၀၇၈၀၁၃]” ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ် – ၁၄၅၉၈)** | **(စဉ်–၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ် (၁၂)မြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်၏ မြေညီထပ်၊ အခန်းအကျယ်အဝန်း (အလျား ၂၁ပေx အနံ၄၂ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွဲ တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၃–၄–၂၀၂၄) ရက်စွဲပါ “နှစ်ဦးသဘောတူ တိုက်ခန်းအပျောက်အရောင်းအဝယ်ကတိစာချုပ်” ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ယခုရောင်းချသူ ဒေါ်မြတ်သီရိ [၁၂/ဒလန(နိုင်)၀၄၁၁၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငွေဇင်လှိုင် [၁၃/တကန(နိုင်)၂၀၄၅၈၆]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုနန္ဒာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၅၁၀)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉– ၄၂၅၈၂၅၁၂၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၆၀၈)၊ ဧရိယာ(၄၀ပေx၆၀ပေ)ရှိ ဖခင်ဖြစ်သူ ဦးသောင်းအေး [၁၂/ရကန(နိုင်)၀၁၈၅၃၃] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ သားသမီးများဖြစ်ကြသော (၁)ဒေါ်နွယ်နွယ်အေး [၁၂/ရကန(နိုင်)၀၁၈၅၅၅]နှင့် (၂) ဦးကျော်တင်အေး [၁၂/ရကန(နိုင်)၀၁၇၈၉၉]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍(၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၆၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၅၈၁၉)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၁၉–၂၅၄၆၀၈၅၉၄၊ ၀၉–၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ညောင်နှစ်ပင်မွေးမြူရေးအထူးဇုန်(၃)၊ C–8 လမ်းရှိ ကွင်းအမှတ်(၉၇၇)၊ မြေကွက်အမှတ် (၁၃၄၊ ၁၃၅)၊ ဧရိယာ(၁၀.၀၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မူမူထွေးအမည်ဖြင့် ခွင့်ပြုမိန့်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မူမူထွေး(ဘ)ဦးခင်မောင်ဒွေး [၁၂/ဗဟန(နိုင်)၀၂၃၃၈၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများကဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူခိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၆၂၆/၂၄–၁၀–၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–795482460, 09–420298613**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ (၁၄)ထပ်၊ RC & Precast တိုက်အမှတ်–1/B ၊ အခန်းအမှတ်–1404၊ အထပ်–Level–14၊ ဧရိယာ (၆၀၀) စတုရန်းပေရှိသော အဆင့်မြင့်တိုက်ခန်းကို **ဒေါ်သီရိမြင့် [၁၂/ရကန(နိုင်)၀၆၄၉၄၉]** နှင့် **ဒေါ်ဖြူဇာမြင့် [၁၂/ရကန(နိုင်)၀၆၄၉၄၈]**တို့က မိမိတို့ တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ဒေါ်ဥမ္မာမြင့်(ခ) **ဒေါ်ဥမ္မာတင်မြင့် [၁၂/မရက(နိုင်)၀၂၉၈၆၃]**က အဆိုပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၈၅)**
**အမှတ် (၃၈၃)၊ ၃–လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၀၂၇၇၈၉၅၊ ၀၉–၇၉၉၂၉၄၈၉၄**

# ဗိုလ်လောင်းလျှောက်လွှာများ
# အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၄၆-၃၀၃၃၁၊ ၀၁၄၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပတ်စ်ပို့ပျောက်

မောင်ရဲဝင်းထွန်း [၉/အမဇ(နိုင်) ၀၀၄၂၇၅]၏ နိုင်ငံကူးလက်မှတ် (MJ-319389) ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၉၇၂၅၄၈**

## ပျောက်ဆုံးကြောင်း

မောင်အောင်ဖြိုးကျော် မှတ်ပုံတင်အမှတ် [၁၂/ရပသ (နိုင်) ၁၀၄၇၀၁]၏ နိုင်ငံကူးလက်မှတ် MB 996462 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၂၁၃၈၆၁**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(မော့ကန်နင်)၊ Grade (12)၊ ကျောင်းဝင်အမှတ် (က/၃၅၆၈) မောင်အောင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း [၁၀/ရမန(နိုင်)၀၅၁၉၀၀] ဖြစ်ပါကြောင်း။ **ဦးစိုးဝင်း**

## အများသိစေရန်ကြေညာခြင်း

ဦးမောင်မြင့်၊ ဒေါ်တင်လှ၊ ဒေါ်နုနုထွေးတို့နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်တို့သည် ဖခင်ဦးလှမောင်နှင့်မိခင်ဒေါ်အေးတို့မှ မွေးဖွားလာကြသည့် မောင်နှမအရင်းအချာများဖြစ်ကြပါသည်။ ဖခင်ကွယ်လွန်သွားခဲ့ချိန်တွင် ဖခင်ပိုင်ဆိုင်သည့်ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ သဖင်လမ်း၊ အိမ်အမှတ် ၁၁၃၂/ခ ဟုခေါ်တွင်သော ဧရိယာ (၂၀ × ၆၀) ပေပေါ်ရှိ ပါမစ်မြေကွက်နှင့် အိမ် အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်လည်း အမွေဆိုင်အကျိုးခံစားခွင့်ရှိသူ တစ်ဦးဖြစ်သည့်အတွက် ဒေါ်နုနုထွေးမှ ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ထားသည့် (၁၆.၇.၂၀၂၅) ရက်စွဲပါ မြေနှင့် အိမ်အရောင်းအဝယ်အား ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကြည်မှ ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
လွှဲအပ်ညွှန်ကြားသူ ဒေါ်ကြည်
ဒေါ်ဖြိုးနန္ဒာဦး LL.B, WIPO (Switzerland)
အထက်တန်းရှေ့နေ (စဉ် ၅၂၉၅၁/၂၀၂၀)
အမှတ်(၁၅၃)၊ ၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၉ - ၉၇၉၃၄၄၂၇၄၊

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လူနေရပ်ကွက်အမှတ် (-)၊ မြေကွက်အမှတ်(၁၁၈၃/ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ (၁၂၀၀) စတုရန်းပေ၊ ဦးပိုင်သစ်ဧရိယာ(၀.၀၂၇၅) ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ပြီးသော အမှတ်-၁၁၈၃/ခ၊ ဇမ္ဗူသီရိ(၁)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဒေါ်မြတ်ပွင့်အေး[၈/မလန(နိုင်) ၀၅၃၆၃၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန့်ဇင်ဦး(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၉၂)**
**အမှတ် - ၃၅၇/ခ၊ ထားဝယ်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၈၀၄၁၅၉၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ (၇)လမ်းကုန်းပေါ်၊ အမှတ်(၁၅) ဟုခေါ်တွင်သည့် မြေအကျယ်အလျား(၃၀)ပေxအနံ(၄၅)ပေရှိ ၃/ခ ရှိပြီး မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်အေးအေးစမ်း(ဘ)ဦးထွန်းရွှေ [၁၂/တမန(နိုင်)၀၀၉၆၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘိုမြင့် (ဘ)ဦးစိန်မောင် [၉/ပဘန(နိုင်)၀၁၇၇၃၇]နှင့် ဒေါ်ယဉ်ယဉ်လှ(ဘ)ဦးလှထွေး [၁၂/သကတ(နိုင်)၁၄၆၄၉၁]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B.D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း- ၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အကွက်အမှတ်(၁၁)၊ မြို့မတောင်ကွက်၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(၀. ၂၆၂)ဧကအကျယ်ရှိ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၂၃- ၁၀-၉၂)ရက်စွဲပါ စာအမှတ်- ၃၀၃/၁- ၁/တ. ၀. တ ဖြင့် လ/န-၃၉ ရရှိထားပြီး ဦးဘိုးသိန်းအမည်ပေါက် မြေအတွင်းမှ ဧရိယာ(၀. ၀၂၇)ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးလွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်ဇာဇာဖြူ(ဘ) ဦးဘရိုင်နော်ထင် [၁၂/သလန(နိုင်)၀၇၅၅၀၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမင်းထွေး(ဘ)ဦးတင်ဦး [၁၄/ကကထ(နိုင်)၁၃၄၀၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆိုကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ-၈ ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ် (၁၃၂၃^B)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေအား ဒေါ်သန်းသန်းမြင့်နှင့် ဒေါ်ရွှေအိမ်လင်းတို့မှ မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/တိုးချဲ့)၊ မြေကွက်အမှတ်(၄၉)၊ ဧရိယာအကျယ်အဝန်း (၀. ၁၅)ဧက၊ (၆၃၃၂) စတုရန်းပေ၊ အလျား(၈၈/၆၁)ပေ၊ အနံ(၈၇/၈၃)ပေ ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂/တိုးချဲ့) ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၄၉)ဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် ပတ်သက်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးခိုင်(ဘ)ဦးမျိုးမြင့်[၁၂/ရကန(နိုင်)၀၀၀၂၁၉]ထံမှ လွှဲပြောင်းဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးပြည့်ဇော်ဦး (ဘ) ဦးဇော်ညွန့်[၁၂/လမန (နိုင်)၁၂၂၃၂၀]ထံမှ တရားဝင် ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ငင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉ ၅၇၃၀၉၅၁**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး
## အမှတ် (၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
## ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော သံဃာ/သီလရှင်များအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများကို ဝယ်ယူရန် တင်ဒါအမှတ်-ဇီဝိတ ၁/၂၀၂၅ ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများ - ၁-၉-၂၀၂၅ (တနင်္လာနေ့)
စတင်ရောင်းချမည့်နေ့ရက်/အချိန် - နံနက်(၉:၀၀)နာရီ
တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၃၀-၉-၂၀၂၅ (အင်္ဂါနေ့) ညနေ(၃:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ ဆေးဝါးပစ္စည်းနှင့် ပတ်သက်သောအချက်အလက်များ သိရှိလိုပါက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ဆေးသိုလှောင်ရေးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းအမှတ် - ၀၉-၇၃၀၀၆၄၄၆၊ ၀၉-၄၃၀၈၈၀၅၁

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၆၈

| | | |
|---|---|---|
| ဒေါ်စောအေး | နှင့် | ဦးစံညွန့် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ သန္တာနှင်းဆီလမ်း Rose Park (3)၊ အမှတ် ၁၂၆ နေ ဦးစံညွန့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေကွက်နှင့်အဆောက်အဦအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ သခင်ဖိုးလှကြီးလမ်း၊ မြေကွက်အမှတ်(၃၀၂)၊ (အလျား၄၁ပေX အနံ ၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဇာဇာမွန် [၁၂/ဥကမ(နိုင်)၁၈၆၃၇၂]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph-09-954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)ရပ်ကွက်၊ သဒ္ဒါလမ်း၊ မြေကွက်အမှတ်(၁၀၁၉ )ဟုခေါ်တွင်သော အလျား ၄၀ပေ x အနံ၆၀ပေ ) အကျယ်အဝန်းရှိ ဦးကျင်သိန်း (AG-၃၀၃၈၁၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၀၁၈) နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်)၁၅၄၆၀၄] မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်ပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph-09-954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

❖ **တိုင်းပြည်တစ်ခုရဲ့အချုပ်အခြာအာဏာဆိုတာ သူတို့ကို မထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့အချုပ်အခြာအာဏာ ထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် မြန်မာကလပ် အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရ



အား/ကာသိပ္ပံအသင်းတိုက်စစ်မှူး မေထက်လူ ဂူအမ်ကလပ် Strykers အသင်းဘက်သို့ ထိုးဖောက်နေစဉ်။

ရန်ကုန် ဩဂုတ် ၂၅

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲ အုပ်စု(က) ပထမနေ့ကို ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်းက ဂူအမ်အမျိုးသမီးကလပ် Strykers အသင်းကို ကိုးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်သလို လက်ရွေးစင်၊ လူငယ်လက်ရွေးစင် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အား/ကာသိပ္ပံအသင်းသည် အခြားကလပ်များမှ လက်ရွေးစင်ကစားသမားငါးဦးကို ကာလတို စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

# ရီးယဲလ်မက်ဒရစ်အသင်းက အိုဗီအီဒိုအသင်းအား ဂိုးပြတ်အနိုင်ရပြီး နှစ်ပွဲဆက်နိုင်ပွဲရရှိ



ရီးယဲလ်မက်ဒရစ်အသင်းနှင့် အိုဗီအီဒိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဩဂုတ် ၂၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါ ပွဲစဉ်(၂)ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အိုဗီအီဒိုအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက အိုဗီအီဒိုအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၃၇ မိနစ်နဲ့ ၈၃ မိနစ်တို့မှာ တိုက်စစ်မှူး အမ်ဘတ်ပီက သွင်းဂိုးနှစ်ဂိုး၊ သာမန်ပွဲကစားချိန်မိနစ် ၉၀ အပြီး နာကျင်အချိန်ပို သုံးမိနစ်မှာ ဗီနီစီးယပ်စ်ဂျူနီယာကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အိုဗီအီဒိုအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ယခုဘောလုံးရာသီမှာ စပိန်လာလီဂါ ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ နှစ်ပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ စပိန်လာလီဂါပွဲစဉ်(၁)အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အိုဆာဆူနာအသင်းနဲ့ ပွဲစဉ်မှာလည်း သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ◆

# တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"၏ အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၅

**တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ" အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ" (KAJIKI)သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံကမ်းခြေကို ဗင့်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ကာ ဗီယက်နမ်နိုင်ငံ ကုန်တွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းတွင် အားကောင်းသောအပူပိုင်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နောက် ၁၈ နာရီအတွင်း လာအိုနိုင်ငံအထက်ပိုင်းဒေသများတွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများတွင် လေဖိအားနည်းဆဲလ်အဖြစ်သို့လည်းကောင်း အသီးသီးအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။ စာမျက်နှာ ၂၁ ကော်လံ ၃ သို့ ☆




## ယနေ့ ဖတ်စရာ

**ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧရိယာအတွင်း သီးနှံပြန်လည်စိုက်ပျိုးခဲ့သည့်တောင်သူများအား သွင်းအားစုဖိုးလိုငွေပေးအပ်** စာမျက်နှာ » ၄

**ပန်းတောင်း၊ ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ** စာမျက်နှာ » ၁၄

**ဗီယက်နမ်နိုင်ငံအလယ်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်း ကဂျိကိ ဝင်ရောက်တိုက်ခတ်** စာမျက်နှာ » ၁၃



**ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ** စာမျက်နှာ » ၁၅

**အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုအဆင့်မှ ထွက်ခဲ့ရ** စာမျက်နှာ » ၂၀